# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၂၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဒေါက်တာမြင့်သိန်း၊ ညောင်လေးပင်မဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၁ ဦးရှိပါတယ်။ ယင်းကိုယ်စားလှယ်များကတော့-

(၁) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၂) လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ခွင့် ၃ ရက်၊

(၃) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၅) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊

(၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊

(၇) ပြင်းဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၁ ရက်၊

(၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၉) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၂ ရက်၊

(၁၀) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၃ ရက်နှင့်

(၁၁) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၁ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ညောင်ရွှေဟော်နန်းကြီး ပြုပြင်ဆောင်ရွက်နေမှုတို့ကို ဌာနေတိုင်းရင်းသား ပြည်သူလူထုများ ပွင့်ပွင့်လင်းလင်းသိရှိနိုင်ရန် ရှင်းပြပေးစေလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ပထမဦးစွာ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် သမိုင်းဝင်ညောင်ရွှေဟော်နန်းကြီးနှင့်စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ သမိုင်းဝင်ညောင်ရွှေဟော်နန်းကြီးဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့မှာတည်ရှိပြီး မြန်မာနိုင်ငံရဲ့ပထမဦးဆုံးသမ္မတဖြစ်တဲ့ ညောင်ရွှေစော်ဘွားကြီးစပ်ရွှေသိုက်နဲ့မိသားစုမှ နှစ်ပေါင်း ၃၀ ကျော်နေထိုင်ခဲ့တဲ့ ဟော်နန်းကြီး ဖြစ်ပါတယ်။ ညောင်ရွှေစော်ဘွားကြီးရဲ့ ညောင်ရွှေဟော်နန်းကြီးကို ခေတ်အဆက်ဆက်ယဉ်ကျေးမှုပြတိုက်၊ စော်ဘွားကြီးများပြတိုက်၊ ဗုဒ္ဓဝင်ပြတိုက်စသည်ဖြင့် အမျိုးမျိုးပြောင်းလဲဖွင့်လှစ်ထားခဲ့ပါတယ်။ ညောင်ရွှေမြို့နယ်ဟာ အင်းလေးဒေသရဲ့ ပင်မကျောရိုးဖြစ်တာနဲ့အညီ နိုင်ငံခြားခရီးသွားဧည့်သည်များ အဓိကဝင်ထွက်သွားလာရာမြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ညောင်ရွှေဟော်နန်းကြီးဟာ နှစ်ပေါင်း ၁၀၀ နီးပါးသက်တမ်းရှိတဲ့ ရှမ်းတိုင်းရင်းသားလူမျိုးများရဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ပြီး ရှမ်းပြည်နယ်တစ်ခုလုံးရဲ့ ဂုဏ်ဆောင်သမိုင်းပြယုဂ်တစ်ခုလည်း ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ တင်ပြပါပုံကတော့ ညောင်ရွှေမြို့ဖြစ်ပါတယ်။ ညောင်ရွှေဟော်နန်းကြီးကို ယဉ်ကျေးမှုပြတိုက်အဖြစ် ဆောက်လုပ်ဆောင်ရွက်ထားတာဖြစ်ပါတယ်ခင်ဗျား။ သမိုင်းဝင်ညောင်ရွှေဟော်နန်းကြီးရဲ့သတင်းကို သတင်းမီဒီယာများကနေပြီးတော့ ဖော်ပြထားရှိမှုဖြစ်ပါတယ်။ အဲဒီထဲမှာလည်း ဟော်နန်းကြီးကို ဟိုတယ်ညစျေးအဖြစ် တစ်ပတ်ကို နှစ်ရက် ဆောင်ရွက်သွားမယ်ဆိုပြီးတော့ ဖော်ပြထားတာ ပါရှိပါတယ်ခင်ဗျား။ တင်ပြပါပုံကတော့ နိုင်ငံတော်ရဲ့ ပထမဦးဆုံးသမ္မတဖြစ်တဲ့

စပ်ရွှေသိုက်ရဲ့သမီးဖြစ်သူရဲ့ ပြည်ထောင်စုဝန်ကြီးများထံကို ကန့်ကွက်စာ ပေးပို့ထားတဲ့ မေတ္တာရပ်ခံစာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုအခါ သမိုင်းဝင်ဟော်နန်းကြီးကို ပြင်သစ်ပညာရှင်များ အကူအညီဖြင့် ပြုပြင်မွမ်းမံပြီးတော့ ဟိုတယ်ညစျေးအဖြစ် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေခြင်း၊ စော်ဘွားကြီးရဲ့အသုံးအဆောင်ပစ္စည်းများကို မွမ်းမံလျှော်ဖွပ်ရန် စီစဉ်ဆောင်ရွက် နေခြင်းတို့ကို ပြည်တွင်းသတင်းမီဒီယာများမှ ဖတ်ရှုလေ့လာရပါတယ်။ သို့ဖြစ်ပါ၍ ဟိုတယ်နှင့် ခရီး သွားလာရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ သဘောတူညီဆောင်ရွက်မှု၊ ရှေးဟောင်း သုတေသန ဌာနတို့နှင့် ပြင်သစ်ပညာရှင်များ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်တို့ကို ပွင့်လင်း မြင်သာစွာ သိရှိနိုင်ရန်အတွက် အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁)အနေနဲ့ ညောင်ရွှေဟော်နန်းကြီးကို ဟိုတယ်ညစျေးအဖြစ် တစ်ပတ်လျှင် နှစ်ရက် ဖွင့်လှစ်ဆောင်ရွက်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်နေသည်မှာ မှန်ကန်ပါသလား၊ မေခွန်း(၂)အနေနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ မည်သည့်သဘောတူညီချက်ဖြင့် ဆောင်ရွက်ခွင့်ပေးခဲ့ပါသလဲ၊ မေးခွန်း(၃)အနေနဲ့ ညောင်ရွှေဟော်နန်းကြီးကို ပြုပြင်မွမ်းမံခြင်းကို မည်သည့်ဘဏ္ဍာရေးခေါင်းစဉ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့ပါသလဲ၊ မေးခွန်း(၄)အနေနဲ့ ညောင်ရွှေ ဟော်နန်းကြီး ပြုပြင်ဆောင်ရွက်နေမှုကို ဌာနေတိုင်းရင်းသားပြည်သူများအားလုံး ပွင့်ပွင့်လင်းလင်း သိရှိနိုင်ဖို့အတွက် ရှင်းပြပေးစေလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဦးအုန်းမောင်မှ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုးရဲ့ (၁) ညောင်ရွှေဟော်နန်းကြီးအား ဟိုတယ်ညစျေးအဖြစ် တစ်ပတ်လျှင်နှစ်ရက် ဖွင့်လှစ်ဆောင်ရွက်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်နေသည်မှာ မှန်ကန်ပါသလား၊ (၂)

ယဉ်ကျေးမှုဝန်ကြီးဌာနမှ မည်သည့်သဘောတူညီချက်ဖြင့် ဆောင်ရွက်ခွင့်ပေးခဲ့ပါသနည်း၊ (၃) ညောင်ရွှေဟော်နန်းကြီးပြုပြင်မွမ်းမံခြင်းကို မည်သည့်ဘဏ္ဍာရေးခေါင်းစဉ်ဖြင့် စီစဉ်ဆောင်ရွက်ပါသနည်း၊ (၄) ညောင်ရွှေဟော်နန်းကြီး ပြုပြင်ဆောင်ရွက်နေမှုတို့ကို ဌာနေတိုင်းရင်းသားပြည်သူလူထုများ ပွင့်ပွင့်လင်းလင်း သိရှိနိုင်ပါရန် ရှင်းပြပေးစေလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းအား ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုဆိုင်ရာ၊ သဘာဝဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် ထူးခြားထင်ရှားသော အမှတ်ရဖွယ် လူပုဂ္ဂိုလ်တို့ဆိုင်ရာ သမိုင်းကြောင်းများ ထင်ဟပ်ပေါ်လွင်စေပြီး နိုင်ငံသားများနှင့် နိုင်ငံခြားဧည့်သည်များလာရောက်လေ့လာနိုင်ရေးအတွက် ပြတိုက်များကို ဖွင့်လှစ်ပြသထားကြပါတယ်။ ပြတိုက်များသည် လေ့လာသူများအတွက် သက်ဆိုင်ရာ သမိုင်းကြောင်းများကို ပြန်လည်အမှတ်ရစေရေး၊ ဗဟုသုတပွားများစေရေးအတွက် အကျိုးရစေသကဲ့သို့ သက်ဆိုင်ရာဒေသ၏ အထင်ကရအမှတ်တရနေရာအဖြစ်လည်းကောင်း၊ ဒေသ၊ လူမျိုးနှင့် နိုင်ငံ၏ ယဉ်ကျေးမှုသဘာဝနှင့် ထူးခြားသမိုင်းမှတ်တိုင်ဝိသေသအဖြစ် နိုင်ငံခြားသားများ လာရောက်လည်ပတ်လေ့လာခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို ပံ့ပိုးပေးမည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါပြတိုက်များကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့အောင်စောင့်ရှောက်ခြင်း၊ ကမ္ဘာသိအောင်မြှင့်တင်ကြော်ငြာခြင်းတို့ကို သက်ဆိုင်ရာနိုင်ငံအစိုးရများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများက ဘဏ္ဍာငွေ၊ ငွေကြေးကိစ္စအပါအဝင် နိုင်ငံတကာပြတိုက်ထိန်းသိမ်းရေးမြှင့်တင်ရေးဆိုင်ရာစံနှုန်းများနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ ယခု ညောင်ရွှေဟော်နန်းကြီးသည်လည်း ပထမဦးဆုံး သမ္မတညောင်ရွှေစော်ဘွားကြီးစပ်ရွှေသိုက်နှင့် မိသားစုတွေနေထိုင်ခဲ့ရာဟော်နန်းဖြစ်ပြီး ညောင်ရွှေမြို့ရှိသမိုင်းဝင် Heritage အဆောက်အဦတစ်ခုဖြစ်ရာ ၎င်းကိုထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဖော်ထုတ်၍ ရေရှည်ထိန်းသိမ်းရာရောက်သကဲ့သို့ တစ်ဖက်ကလည်း ခရီးသည်များ ပိုမိုသိရှိလာရောက်ပြီး Heritage Tourism ဖွံ့ဖြိုးမှုကတစ်ဆင့် ဒေသခံများဝင်ငွေနှင့် အလုပ်အကိုင် ပိုမိုရရှိလာနိုင်ပါမယ်။ ဒါပေမဲ့ ဒီလိုဖော်ထုတ်ဖို့ကလွယ်တဲ့ကိစ္စတော့ မဟုတ်ပါ။ ပြည်တွင်းပြည်ပ ပညာရှင်များ၊ အတွေ့အကြုံရှိသူများ၏ အကြံပြုချက်များ ပံ့ပိုးမှုများနှင့် ဒေသခံများ၏ အားပေးကူညီမှုများ လိုအပ်လျက်ရှိပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြချက်များနှင့်စပ်လျဥ်းတဲ့ ဓာတ်ပုံမှတ်တမ်းများကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယခုစတင်နေသည်မှာ Conceptual Stage အဆင့်သာရှိပြီး ညောင်ရွှေဟော်နန်းကြီးအား ပြုပြင်ဖြစ်ခဲ့လျှင် ဟော်နန်းပြတိုက်ကို ညနေ ၆း၀၀ နာရီမှ ၁၁း၀၀ နာရီအချိန်အထိ ညအချိန် ကမ္ဘာ့လှည့်ခရီးသည်များ ဝင်ရောက်လေ့လာနိုင်ရန်နှင့် ရက်သတ္တတစ်ပတ်လျှင် နှစ်ည ဟော်နန်းဝင်းအတွင်းသစ်ပင်ကြီးများအောက်ရှိ ရွေးချယ်သတ်မှတ်မည့် နေရာတွင်သာ လက်တွန်းလှည်းဖြင့်ရောင်းချသော ကျန်းမာရေးနှင့် ညီညွတ်သော အဆာပြေစားဖွယ် များကို စားသောက်နိုင်ရန်စီစဉ်ခြင်း၊ ယင်းဝန်ဆောင်မှုတန်ဖိုးများကို ပြတိုက်ဝင်ကြေးတွင် စုစည်းပြီး နှုန်းထားတစ်ခုသတ်မှတ်၍ ဝင်ခွင့်ပြုခြင်း၊ ညောင်ရွှေဟော်နန်းသမိုင်းကြောင်းအား ကမ္ဘာလှည့် ခရီးသည်များ အကျယ်တဝင့်သိရှိနိုင်စေရန် အဆိုပါရက်သတ္တတစ်ပတ်လျှင် နှစ်ညတွင် ဟော်နန်း၏ ပြင်ပပတ်ပတ်လည်လည်ကို လျှပ်စစ်မီးမောင်းများဖြင့် ထိန်လင်းစွာထွန်းညှိပြသပြီး ဟော်နန်း သမိုင်းကြောင်းကို အသံသွင်းစက်ဖြင့် ဖွင့်လှစ်၍ရှင်းပြခြင်း၊ ရရှိသောဝင်ကြေးများမှ ကုန်ကျစရိတ် နုတ်ဖယ်ပြီး ပိုငွေကို ညောင်ရွှေဟော်နန်းကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေ အဖြစ် ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး မြန်မာ့စီးပွားရေးဘဏ်တွင် စုဆောင်းထိန်းသိမ်းထားပေးခြင်း များကို ဆောင်ရွက်သွားရန် ရှမ်းပြည်နယ်အစိုးရနှင့် ညောင်ရွှေပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအား တိုင်ပင်ဆွေးနွေးနေသည်မှာ မှန်ကန်ပါသည်။ ဟော်နန်းပြင်ဆင်ရန်အတွက် ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်တစ်ဦးနှင့် လေ့လာဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိပါတယ်။ ဆုံးဖြတ်ချက်တစ်စုံ တစ်ရာချမှတ်ခြင်း မရှိသေးပါ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟော်နန်းအဆောက်အဦကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှမ်းပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်ထားကြောင်းနှင့် ဟော်နန်းမြေဧရိယာအဝိုင်းအဝန်းကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ စီမံခန့်ခွဲမြေအဖြစ် မြေစာရင်းဌာနတွင် မှတ်ပုံတင်ထားရှိကြောင်း သိရှိရပါတယ်။ ညောင်ရွှေဟော်နန်းကြီး ပြုပြင်မွမ်းမံခြင်းကို ကုန်ကျခံမည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းများအား ရှာဖွေလျက်ရှိနေဆဲဖြစ်ပါတယ်။ နိုင်ငံတော်မှ ဘဏ္ဍာရန်ပုံငွေခွင့်ပြုပေးမည်ဆိုပါက ပိုမိုကောင်းမွန်ပါသည်။ ညောင်ရွှေဟော်နန်းကြီးပြုပြင်ဆောင်ရွက်ရန် အစီအစဉ်များပေါ်ပေါက်လာပြီး သောအခါနှင့် ဘဏ္ဍာငွေရလမ်းပေါ်ပေါက်လာသောအခါတွင် ဌာနေတိုင်းရင်းသား ပြည်သူလူထုအား ပွင့်ပွင့်လင်းလင်းသိရှိနိုင်ရန် ရှင်းလင်းပြပါမယ်။ ယခုအခါ ၎င်းကိစ္စရပ်နှင့်ပတ်သက်၍ တိကျသော ဆုံးဖြတ်ချက်မရှိသေးပါ၍ ဒေသခံပြည်သူများကို ရှင်းလင်းပြရန်အချိန်စောပါသေးသည်။ သို့ရာတွင်

ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ညောင်ရွှေမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုး ဦးဆောင်၍ ညောင်ရွှေမြို့ပြည်သူလူထုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ဟော်နန်းပရဝဏ်အတွင်း ခြုံနွယ် ပိတ်ပေါင်းများကို သုံးကြိမ်တိုင်တိုင် လုပ်အားပေးရှင်းလင်းပြီးဖြစ်ပါတယ်။ ဟော်နန်းကြီး ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် အန္တရာယ်ဖြစ်နေသော ဟော်နန်းအဆောက်အဦအတွင်းရှိ ခြတောင်ပို့များ ကိုလည်း ပြင်သစ်ပညာရှင်က ပေးသောအကြံဉာဏ်ဖြင့် ရှင်းလင်းပေးထားပြီး ဖြစ်ပါတယ်။ ပထမ အကြိမ် ပြင်သစ်ပညာရှင်လာစဉ်ကလည်း ညောင်ရွှေစော်ဘွားကြီးစပ်ရွှေသိုက်၏ သမီးငယ်ဖြစ်သူ ဒေါ်ဟေမာသိုက်နှင့်လည်း ဟော်နန်းတွင် တွေ့ဆုံခဲ့ကြောင်း သိရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ယခင်ယဉ်ကျေးမှုဝန်ကြီးဌာနလက်ထက်တွင် ညောင်ရွှေဟော်နန်းအဆောက်အအုံစော်ဘွား များ၏ အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီ၊ ဓာတ်ပုံများနှင့်အတူ ညောင်ရွှေယဉ်ကျေးမှုပြတိုက်၏ စီမံ ခန့်ခွဲမှုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၂၉-၅-၂၀၁၃ ရက်နေ့တွင် တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ ပြီးဖြစ်ပါကြောင်းနှင့် ဟော်မြေနေရာသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအမည်ပေါက်ဖြစ်သော်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအောက်တွင်ရှိနေသဖြင့် သဘောထားမှတ်ချက်ပေးရန် မရှိပါကြောင်း ပြောကြားလာပါ တယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ညောင်ရွှေဟော်နန်းအား နိုင်ငံခြားသားခရီးသည်များ ဝင်ရောက်ကြည့်ရှုနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အခြားသော သဘောထားမှတ်ချက်ပေးရန်မရှိကြောင်း ပြန်ကြားလာခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး မေးမြန်းထားသည့် ညောင်ရွှေဟော်နန်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ပေါင်းစပ်၍ ရှင်းလင်းဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပေးတဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**သိန္နီမြို့ မြို့ရှောင်လမ်း၏ လျာထားလမ်းအူကြောင်း နယ်နိမိတ်နှင့် ပတ်သက်၍ ယခင်အတည်ပြု ဆုံးဖြတ်ထားသည့် ကောင်းဟော်ကျေးရွာအုပ်စု လမ်းတစ်လျှောက်ဖြတ်သန်းသွားမည့် Highway လမ်းမကြီးကို ဆက်လက်အတည်ပြုဖြတ်သန်းသွားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည့်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်မပြကတိဖြစ်ခဲ့တဲ့မေးခွန်းရဲ့ လုပ်ငန်း များနဲ့ပတ်သက်တဲ့ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်ထားရှိမှု အပေါ် ထပ်မံမေးမြန်းလိုတဲ့ကိစ္စများဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့ မြို့ရှောင်လမ်းရဲ့ လျာထားလမ်းအူကြောင်းနယ်နိမိတ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Oriental Highway ကုမ္ပဏီတို့ကနေပြီးတော့ ၃၀-၉-၂၀၁၅ ရက်နေ့က အတည်ပြုသတ်မှတ် ခဲ့ပြီးဖြစ်ရာ သက်ဆိုင်ရာ ဖြတ်သန်းသွားမယ့်လယ်ယာမြေပေါ်မှာ စာရင်းပြုစုပြီးတော့ လျော်ကြေးများ ပေးအပ်သွားရန် ပြည်သူလူထုနှင့်တွေ့ဆုံညှိနိုင်းပေးလျော်မယ့်အကြောင်း ယခင်ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်မှ ဖြေကြားထားခဲ့ပါတယ်။ Highway လမ်းမကြီးဖြတ်သန်း သွားမယ့် ကောင်းဟော်ကျေးရွာ အုပ်စုကို ၂၇-၆-၂၀၁၆ ရက်နေ့က ကျွန်တော်နှင့်အတူ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တို့က လူထုနှင့်တွေ့ဆုံပွဲဆောင်ရွက်ခဲ့ပါတယ်။ အဲဒီတွေ့ဆုံပွဲကနေပြီးတော့မှ လူထုကနေပြီးတော့ မိမိတို့ကျေးရွာတွေဖြစ်တဲ့ နောင်အွန်ရွာ၊ ကောင်းဟော်ရွာ၊ ကောင်းလောက် စောက်ရွာ၊ ကျောင်းခမ်းရွာ၊ နမ့်ဟူးတောင်ရွာတို့ကို ဖြတ်သန်းသွားမယ့် မိမိတို့အနေဖြင့် ၎င်းကျေးရွာ ကို ဒီ Highway လမ်းမကြီး မဖြတ်သန်းစေလိုကြောင်း ကွင်းလမ်း၊ မြို့ရှောင်လမ်းကနေ ဖြတ်သွား စေလိုကြောင်း တင်ပြကြပါတယ်။ ကားလမ်းဘေးဝဲ/ယာတစ်လျှောက် လူနေအိမ် ၁၇၉ အိမ်၊ မူကြို ကျောင်းလေးကျောင်း၊ မူလတန်းတစ်ကျောင်း၊ အထက်တန်းကျောင်းတစ်ကျောင်းရှိပြီးတော့ လူထုနှင့် ကလေးတွေအတွက် ယာဉ်အန္တရာယ်ကြီးမားကြောင်း၊ ၎င်းလမ်းမပေါ်တွင် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပေါ်နေကြောင်း၊ ကောင်းဟော်-ကောင်းလောက်စောက်လမ်းမတစ်လျှောက် ရေပိုက် လိုင်းတွေရှိနေခြင်း၊ နောင်အွန်မှ နမ့်ဟူးတောင်ရွာအထိ လျှပ်စစ်မီးတိုင်၊ ဖုန်းတိုင်များရှိနေခြင်း၊

လမ်းတိုးချဲ့ပါက လူနေအိမ်တိုက်တာ အဆောက်အဦများ၊ မီးတိုင်များပါ ရွှေ့ပေးရမှာဖြစ်ကြောင်း၊ ဆုံးရှုံးမှုများရှိလာမည်ဖြစ်ကြောင်း၊ ယခင် ဤစီမံချက်ကို လူထုထံ ယခုကဲ့သို့ပွင့်လင်းစွာ ချပြထားခြင်းမျိုးမရှိခဲ့ကြောင်း၊ မိမိတို့ကျေးရွာမှလူများ များသောအားဖြင့် မသိရှိခဲ့ရကြောင်း၊ Highway လမ်းဖြတ်သန်းမှုကို သဘောမတူပါကြောင်း၊ ရှောင်ကွင်းပေးစေလိုကြောင်း၊ ၎င်းကျေးရွာက လူထုအများကလက်မှတ်ထိုးပြီးတော့ တင်ပြရန် သဘောတူပါကြောင်း အသီးသီးတင်ပြဆွေးနွေးခဲ့ပါတယ်။

Power Point ဖြင့်တင်ပြပါခင်ဗျား။ ဒါကျွန်တော်တို့ကျေးရွာမှာ အစည်းအဝေးလုပ်ခဲ့တဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ လမ်းဘေးဝဲ/ယာကိုချဲ့မယ့်နေရာဖြစ်ပါတယ်။ ဒါဟာလူနေတိုက်တာအဆောက်အဦတွေကို ဖျက်သိမ်းပေးရမယ့် အနေအထားမျိုးဖြစ်ပါတယ်။ ဒါလည်း လမ်းဘေးဝဲ/ယာမှာရှိနေတဲ့တိုက်တာအဆောက်အဦဖြစ်ပါတယ်။ ဒါကတော့ အထက်တန်းကျောင်းအဝင်ဝဖြစ်ပါတယ်။ ဒါကတော့ သက်ဆိုင်ရာကျေးရွာအုပ်စုထဲမှာရှိနေတဲ့ ကျေးရွာရဲ့ရွာသူရွာသားများကနေပြီး လက်မှတ်ထိုးပြီးတင်ပြထားတဲ့ မှတ်တမ်းများဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခင်အတည်ပြုထားပြီးသော ကောင်းဟော်ကျေးရွာအုပ်စုလမ်းတစ်လျှောက်ဖြတ်သန်းသွားမယ့် Highway လမ်းမကြီးကို ဆက်လက် အတည်ပြုဖြတ်သန်းသွားရန်အစီအစဉ်ရှိပါမည်လား။ ရှိကအဘယ်ကြောင့်နည်း သို့မဟုတ် ရှောင်ကွင်းပေးရန် အစီအစဉ်ရှိပါသလား။ ရှောင်ကွင်းသွားရန် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြန်လည်တိုင်းတာ၍ ဆောင်ရွက်မည့်အကြောင်း မြို့ရှောင်လမ်း မြေပုံကြမ်းကိုပါတစ်ပါတည်း တင်ပြထားပါတယ်။ အဲဒါ ပြည်သူလူထုရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း မေးမြန်းထားတဲ့ ရှမ်းပြည်နယ်

(မြောက်ပိုင်း)၊ သိန္နီမြို့၊ မြို့ရှောင်လမ်းရဲ့ လျာထားလမ်းအူကြောင်း နယ်နိမိတ်နှင့်ပတ်သက်ပြီးတော့ လူထု၏ နေအိမ်တိုက်တာ၊ ကျောင်း၊ အဆောက်အဦများ ဖျက်ဆီးရွှေ့ပြောင်းပေးရခြင်း၊ ဆုံးရှုံးရခြင်း၊ စိတ်ဒဏ်ရာရခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့ရမည့် အရေးကိုထောက်ရှုခြင်းဖြင့် ယခင်အတည်ပြု ဆုံးဖြတ်ထားသည့် ကောင်းဟော် ကျေးရွာအုပ်စု လမ်းတစ်လျှောက်ဖြတ်သန်းသွားမည့် Highway လမ်းမကြီးကို ဆက်လက်အတည်ပြု ဖြတ်သန်းသွားရန် အစီအစဉ်ရှိမည်လား၊ ရှိက အဘယ် ကြောင့်နည်း သို့မဟုတ် ရှောင်ကွင်းပေးရန် အစီအစဉ်ရှိပါသလား၊ ရှောက်ကွင်းသွားရန် အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ပြန်လည်တိုင်းတာ၍ ဆောင်ရွက်မည့် အကြောင်းသိရှိ လိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်း ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာရှိတဲ့ သိန္နီမြို့ဟာဆိုရင် ယခုအခါ စီးပွားရေးတိုးတက်လာတာနှင့်အမျှ လူနေမှုသိပ်သည်းများပြားလာခြင်းနဲ့ မြို့တွင်းလမ်းပိုင်းများမှာ လည်း နေ့စဉ်ယာဉ်ဖြတ်သန်းမှု AADT (၄၀၀၀) ခန့်ဖြစ်တဲ့အတွက် မြို့တွင်းဖြတ်သန်းသွာလာရာမှာ ဒေသခံပြည်သူများဘေးအန္တရာယ် ကင်းရှင်းစေရေး ရည်ရွယ်ပြီးတော သိန္နီမြို့ရှောင်လမ်းကို ဖောက်လုပ်ရခြင်းဖြစ်ပါတယ်။ အဝါရောင်နဲ့ပြထားခြင်းဖြစ်ပါတယ်။

သိန္နီမြို့ရှောင်လမ်းအဖြစ် ၂၇-၁၀-၂၀၁၄ ရက်နေ့ကစပြီးတော့ တိုင်းတာခဲ့ပြီးတော့ ရွေးချယ် ထားတဲ့ လမ်းအူကြောင်းဟာဆိုရင် မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးရဲ့ မိုင်တိုင် (၂၀၅/၀)မှာ ဝဲဘက် ကနေပြီးတော့ စတင်ထွက်ခွာပြီးတော့ မန္တလေး-လာရှိုး-မူဆယ်လမ်း မိုင်တိုင်(၂၀၇/၂) သို့ ရောက်ရှိပြီး ၎င်းမှတစ်ဆင့် သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းပေါ်ရှိ သိန္နီ(ပန့်လော့တိုးဂိတ်)အထိ မူလလမ်း ၂ မိုင် ၂ ဖာလုံ ရှည်ပြီးတော့ မြို့ရှောင်လမ်းမိုင်အရှည် ၃ မိုင် ၁ ဖာလုံ ရှည်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းတာပြီး သိန္နီမြို့ရှောင်လမ်းဖောက်လုပ်ရာမှာ လျာထားလမ်းအူကြောင်း တစ်လျှောက် မလွတ်ကင်းတဲ့ လမ်းမြေ ၈၃.၆ ဧက၊ ယာမြေ ၂၉.၃၇ ဧက စုစုပေါင်း ၁၁၂.၉၇ ဧက ပါဝင်သည့်အတွက် အထောက်အကူပြုကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပြီး ညှိနှိုင်း ဆောင်ရွက်ပြီးစီးပါက မူလစီစဉ်ထားသည့် လမ်းအူကြောင်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ထပ်မံမေးမြန်းထားတဲ့ နောင်အွန်ရွာ၊ ကောင်းဟော်ရွာ၊ ကောင်းလောက်စောက်ရွာ၊ ကျောင်းခမ်းရွာ၊ နမ့်ဟူးတောင်ရွာတို့ကို ဖြတ်သန်းခြင်းမပြုဘဲ ရှောင်ကွင်း

ဖောက်လုပ်နိုင်မည့် လမ်းအူကြောင်းအား မြေပြင်အခြေအနေအသေးစိတ် ကွင်းဆင်းလေ့လာစစ်ဆေး ပြီး ဖြစ်နိုင်စွမ်းရှိ/မရှိ ထပ်မံလေ့လာပြီး ဖြစ်နိုင်ခြေရှိမှုနှင့် တွေ့ကြုံရမည့် အခက်အခဲများပေါ်မူတည် ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လက်ရှိဖောက်လုပ်ထားပြီး လမ်းအခြေ အနေကိုလည်း လမ်းမကြီးများဥပဒေနှင့်အညီ ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်ရှိ သီပေါ-ပန်လုံ-နမ့်ဆန်လမ်းမှ နမ့်ဆန်အပိုင်းရှိ ၃ မိုင် ၁ ဖာလုံအား လမ်းအကျယ် ၂၅ ပေရရှိစေရန်အတွက် ကျောက်တောင်မိုင်းခွဲ၍ လမ်းချဲ့ခြင်းနှင့် လီလုဘေလီတံတားအား သံကူကွန်ကရစ်တံတားအဖြစ် မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး(ခ)ဦးမိုင်းဝင်းထူး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းထူး(ခ)ဦးမိုင်းဝင်းထူး(နမ့်ဆန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီးများနှင့် လေ့လာသူများ၊ မိဘပြည်သူများ အားလုံး ဘေးဘယာဝေးကွာလို့ အေးချမ်းကြပါစေလို့ မေတ္တာပို့ဆုမွန်ကောင်း တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထူး(ခ)ဦးမိုင်းဝင်းထူး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ကျွန်တော်တို့ နမ့်ဆန်မြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၅၃၃၂ ပေမှာ ရှိပြီးတော့မှ လူဦးရေ ၇၀၀၀၀ ကျော်ရှိတယ်။ လက်ဖက်အဓိကစိုက်ပျိုးထုတ်လုပ်ရောင်းချတဲ့မြို့ ဖြစ်ပါ တယ်။ အခုကျွန်တော်မေးမယ့်မေးခွန်းက သီပေါ-ပန်လုံလမ်းပိုင်းမှာရှိတဲ့ ၃ မိုင် ၂ ဖာလုံလမ်းချဲ့ဖို့ ကျန်တာနဲ့ ကတ္တရာခင်းဖို့ ကျန်တဲ့ အပိုင်းလေးတွေ မေးမှာဖြစ်ပါတယ်။ ပြီးတော့မှ လီလုတံတားနှင့် ပတ်သက်တဲ့ကိစ္စကို မေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့တောင်ပေါ်ဒေသက ကျောက်တောင် တွေနဲ့ရှိနေတဲ့ လမ်းဘေး တစ်ဖက်တစ်ချက်မှာဆိုရင် ကျောက်တောင်တွေရှိနေတဲ့လမ်း တွေဖြစ်နေတဲ့ အတွက် ကြောင့် လမ်းချဲ့လို့မရတဲ့အပိုင်း ၃ မိုင်နဲ့ ၁ ဖာလုံရှိနေပါတယ်။ အဲဒါကြောင့်မို့ ဒီအပိုင်းမှာ လမ်းတွ ကျဉ်းမြောင်းနေတာကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်ပေါ် လမ်းတွေဟာ အကွေ့အကောက်တွေများတယ်။ အတက်အဆင်းတွေများတဲ့အတွက် ကြောင့်မို့လို့ ဒီလို လမ်းကျဉ်းတဲ့

နေရာမှာဆိုရင် ဒေသခံတွေရဲ့ယာဉ်တွေ၊ ခရီးသွားလာယာဉ်တွေက မမျှော်လင့်ဘဲနဲ့ အက်ဆီးဒင့်တွေဖြစ်ပြီးတော့မှ ဒီလိုနစ်နာဆုံးရှုံးမှုတွေဖြစ်တာကို ကျွန်တော်တို့တွေ့ကြ ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့တောင်ပေါ်ဒေသတွေဟာ မိုးများတဲ့အတွက်ကြောင့်မို့လို့လည်း လမ်းပြို တာတွေ၊ မြေပြိုတာတွေဖြစ်ပြီးတော့မှ မိဘပြည်သူတွေရဲ့သွားလာရေးကို အများကြီးအဟန့်အတား အနှောင့်အယှက်ဖြစ်စေပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့က ဒီလမ်းတွေကို၊ ကျောက်သားနံရံတွေကို မိုင်းနဲ့ဖောက်ပြီးတော့မှ လမ်းချဲ့ပေးတာမျိုးတွေ ဖြစ်စေချင်ပါတယ်။ အဲဒီလမ်းချဲ့သွားပြီးတဲ့နေရာမှာလည်း ကျွန်တော်တို့ ကတ္တရာခင်းပေးတာမျိုးတွေကို လုပ်ပေးစေချင်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ နမ့်ဆန်လမ်းအပိုင်းမှာရှိတဲ့ လီလုတံတားဖြစ်ပါတယ်။ လီလုတံတားဟာ လီလုချောင်းပေါ်မှာ ပေ ၄၀၀ ကျော်တည်ဆောက်ထားတဲ့ လောလောဆယ်တော့ ဘေလီတံတားဖြစ်ပါတယ်။ ဒီတံတားကိုပဲ လက်ရှိအသုံးပြုနေကြရတာပါ။ မြင်နေရတဲ့အတိုင်း ကျွန်တော်တို့ ဒီရဲ့လီလုချောင်းဟာတောင်ကျရေဖြစ်တဲ့အတွက်ကြောင့် ရေစီးသန်ပါတယ်။ ၁၉၉၀ လောက်ကတည်းက တည်ဆောက်ထားတဲ့တံတားဖြစ်တဲ့အတွက်ကြောင့်မို့လို့လည်း ခံနိုင်ရည်အား တစ်စုံတစ်ရာလျော့ကျနေတဲ့အပိုင်းဖြစ်ပါတယ်။ ကျွန်တော်ဝိုင်းပြထားတဲ့အပိုင်းပဲ ကူကရစ်တိုင်နဲ့ တံတားသံပေါင်ရဲ့ကြားထဲမှာဆိုကျွန်တော်တို့ သစ်သားပြားနေတဲ့ထားတာ ဖြစ်ပါတယ်။ ဒါအပေါ်ပိုင်းပါ။ တံတားရဲ့အောက်ပိုင်းမှာဆိုလည်း ထိုနည်းလည်းကောင်းပါပဲ ကျွန်တော်တို့ အသားပြားတွေနဲ့ ခုထားရတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတံတားကြီးပျက်သွားမှသာလျှင် တံတားသစ်တစ်စင်းကို တည်ဆောက်မယ်ဆိုလျှင် ကျွန်တော်တို့ နမ့်ဆန်မြို့ဒေသခံတွေအတွက် လမ်းပန်းဆက်သွယ်ရေးအင်မတန်မှ အခက်အခဲဖြစ်သွားနိုင်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့မှာရှိတဲ့ ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်မေးမြန်းချင်တာကတော့ (က) ကျန်နေတဲ့ ၃ မိုင် ၁ ဖာလုံကို ၂၅ ပေအကျယ်ရှိတဲ့ ကျောက်တောင်မိုင်းခွဲပြီးတော့ လမ်းချဲ့ပေးတာမျိုးတွေ လုပ်ပေးဖို့၊ (ခ) လမ်းချဲ့ပြီးသွားပြီဆိုရင် ကျန်တဲ့ ၃ မိုင် ၂ ဖာလုံကို ကတ္တရာခင်းပေးဖို့အတွက်နဲ့ လီလုကျေးရွာမှာရှိတဲ့ လီလုဘေလီတံတားကို သံကူကွန်ကရစ်တံတားအဖြစ် မြှင့်တင်ဆောင်ရွက်ပေးဖို့အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိတယ်ဆိုရင် ဘယ်အချိန်မှာလုပ်ဆောင်ပေးမလဲဆိုတာကို ပြည်သူရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထူး(ခ) ဦးမိုင်းဝင်းထူး၏ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (က) နမ့်ဆန်မြို့နယ်ရှိ သီပေါ-ပန်လုံ-နမ့်ဆန် လမ်းမှ နမ့်ဆန်အပိုင်းရှိ မိုင်တိုင်(၂၈/၁) ကနေပြီးတော့ မိုင်တိုင် (၃၀/၀) ထိနှင့် မိုင်တိုင်(၃၃/၀) ကနေပြီးတော့ မိုင်တိုင်(၃၃/၂) အထိ စုစုပေါင်း ၃ မိုင် ၁ ဖာလုံအား လမ်းအကျယ် ၂၅ ပေ ရရှိစေရန် အတွက် ကျောက်တောင်မိုင်းခွဲ၍ လမ်းချဲ့ခြင်း၊ (ခ) မိုင်တိုင်(၂၈/၃)ကနေပြီးတော့ မိုင်တိုင်(၃၀/၀)ထိ နှင့် မိုင်တိုင်(၃၀/၃) ကနေပြီးတော့ မိုင်တိုင်(၃၂/၀) အထိ စုစုပေါင်း ၃ မိုင် ၂ ဖာလုံအား ကတ္တရာ လမ်းအဖြစ် ပြုလုပ်ပေးရန်နှင့် (ဂ) နမ့်ဆန်လမ်းပိုင်း လီလုကျေးရွာအတွင်းမှာရှိတဲ့ လီလုဘေလီတံတား အား သံကူကွန်ကရစ်တံတားအဖြစ် မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် လုပ်ဆောင်ပေးမည်နှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်း တဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာရှိတဲ့ သီပေါ-ပန်လုံ-နမ့်ဆန်လမ်းဟာဆိုရင် ၄၈ မိုင် ၄ ဖာလုံရှည်လျားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းကို နေ့စဉ်ဖြတ်သန်းသွားလာတဲ့ ယာဉ်စီးရေ AADT ကတော့ ၂၂၀ စီးခန့်ဖြစ်ပြီးတော့ လက်ရှိလမ်းအခြေ အနေကတော့ ကတ္တရာလမ်း ၄၅ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၃ မိုင် ၂ ဖာလုံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သီပေါ-ပန်လုံ-နမ့်ဆန်လမ်းရဲ့ မိုင်တိုင်(၂၈/၁)ကနေပြီးတော့ မိုင်တိုင် (၃၀/၀)၊ မိုင်တိုင်(၃၃/၀) ကနေပြီးတော့ မိုင်တိုင်(၃၃/၂) အထိ ၃ မိုင် ၁ ဖာလုံအား ၂၅ပေ အကျယ် ရရှိစေရန် ကျောက်တောင်လမ်းချဲ့ခြင်း ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း ၃၉၀.၆၂၅ သန်း၊ မိုင်တိုင် (၂၈/၃) ကနေပြီးတော့ မိုင်တိုင်(၃၀/၀)၊ မိုင်တိုင်(၃၀/၃)ကနေပြီးတော့ မိုင်တိုင်(၃၂/၀) အထိ ၃ မိုင် ၂ ဖာလုံအား ကတ္တရာလမ်းသစ်ခင်းခြင်း ခန့်မှန်းကုန်ကျငွေကျပ်သန်းပေါင်း ၃၉၀ စုစုပေါင်း ကျပ်သန်း ပေါင်း ၇၈၀.၆၂၅ သန်းအား ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် နှစ်စဉ် တောင်းခံခဲ့သော်လည်း ရရှိခြင်းမရှိ၍ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်

ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဖြည့်စွက်ရန်ပုံငွေမရရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လက်ရှိဘေလီတံတားဟာ အရှည် ၃၁၀ ပေ နှစ်လွှာတစ်ထပ်ဘေလီတံတားဖြစ်ပြီးတော့ အကူဆိုင်းကြိုးပါတပ်ဆင်ထားတဲ့အတွက် တံတားခံနိုင်ဝန်ကတော့ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၂၁ တန်ဖြစ်ပါတယ်။ အဆိုပါတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၂၄၀ ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**လားရှိုးမြို့နယ်၊ အီနိုင်းကျေးရွာရှိတံတားအမှတ်(၆/၉) အီနိုင်းတံတားအတွက် အရေးတကြီးလိုအပ်လျက်ရှိနေသော တံတားချဉ်းကပ်လမ်းအမြင့်နှင့်အညီ မြေကာနံရံများပြုလုပ်နိုင်ရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့မှာ တံတားနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point သုံးပြုခွင့်ပြုပါရှင်။ လားရှိုးမြို့နယ် တံတားအမှတ်(၆/၉) ဟာ ၂၄ ပေကျယ်ပြီးတော့ ၁၇၀ ပေရှည်တဲ့ အီနိုင်းတံတားဖြစ်ပါတယ်။ ဒီတံတားဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အပြီးတည်ဆောက်ထားပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ စတင်အသုံးပြုခဲ့တဲ့ တံတားဖြစ်ပါတယ်။ ဒီတံတားမှာရှိနေတဲ့ အီနိုင်းမြစ်ရေဟာ နှစ်စဉ်ရေကြီးတတ်ပြီးတော့ တစ်ခါတစ်ရံ တံခါးဘောင်ကိုတောင်မှကျော်ပြီး ရေဖုံးလွှမ်းတာလည်းရှိခဲ့ပါတယ်။ ဒီတံတားရဲ့ချဉ်းကပ်လမ်းဟာ ဆိုလို့ရှိရင် ၁၇ ပေခွဲမြင့်ပြီးတော့ ဖို့မြေတွေနဲ့သာတည်ဆောက်ထားတဲ့ ချဉ်းကပ်လမ်းဖြစ်နေပါတယ်။ ဒါဟာ လားရှိုးဘက်ခြမ်းမှာရှိတဲ့ချဉ်းကပ်လမ်းဖြစ်ပါတယ်။ လားရှိုးဘက်ခြမ်းမှာရှိတဲ့ ချဉ်းကပ်လမ်းဟာ ပေ ၇၀၀ ရှိပြီးတော့ အီနိုင်းဘက်ခြမ်းမှာကျတော့ ပေ ၃၀၀ ရှိပါတယ်။ ပုံမှာပြထားတဲ့အတိုင်း မြေကာနံရံတွေလုံးဝမရှိပါဘူးရှင်။ ချဉ်းကပ်လမ်းရဲ့ တချို့နေရာတွေမှာဆိုလို့ရှိရင် သဲအိတ်ကို မြေထုတ်ကာထားပြီး မြေကာထားပေမယ့် မိုးရွာသွန်းမှုကြောင့် သဲအိတ်တွေအိကျနေတာကို

ပုံမှာပြထားတဲ့အတိုင်း တွေ့ရမှာဖြစ်ပါတယ်။ ဒီလို မိုးရွာသွန်းတာလေးနဲ့တောင်မှ ချဉ်းကပ်လမ်းဟာ ပြိုကျပြီးတော့ ကတ္တရာလမ်းပျက်စီးတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီလိုမြစ်ရေကြီးခဲ့မယ် ဆိုလို့ရှိရင် ချဉ်းကပ်လမ်းဟာ ရေတိုက်စားပြီး ကတ္တရာလမ်းတွေပျက်စီးပြီး အီနိုင်း-လားရှိုးလမ်းပိုင်း ဆက်သွယ်ရေးပြတ်တောက်ပြီး နိုင်ငံ့အတွက် ကြီးစွာဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့ရမှာဖြစ်ပါတယ်။ သီပေါ-လာရှိုးလမ်းအပိုင်းသာ လမ်းပိတ်ဆို့မှုတစ်စုံတစ်ရာဖြစ်ခဲ့မယ်ဆိုလို့ရှိရင် သီပေါကနေပြီးတော့ လားရှိုး၊ မူဆယ်၊ နမ့်ခမ်း၊ တရုတ်ပြည်ကိုသွားလာမယ့် ကုန်သွယ်ကူးသန်းမှုဟာဆိုလို့ရှိရင် များစွာထိခိုက်နစ်နာမှာဖြစ်ပြီးတော့ ဒီအီနိုင်းတံတားတစ်ခုတည်းကိုသာ အသုံးပြုရတဲ့အတွက်ကြောင့် ဒီအီနိုင်းတံတားဟာ အရေးပါ လှတဲ့တံတားဖြစ်တယ်ဆိုတာကို အားလုံးလက်ခံရမှာဖြစ်ပါတယ်။ ဒီလိုအရေးပါလှတဲ့ တံတားကို ချဉ်းကပ်လမ်းရဲ့ ဖို့မြေအမြင့်နှင့်အညီ မြေကာနံရံတည်ဆောက်ပေးနိုင်ဖို့ဆိုတာ အရေးတကြီးလိုအပ်လျက်ရှိနေပါတယ်။ ၂၀၁၆-၂၀၁၇ ပွင့်လင်းရာသီကနေပြီးတော့ ဒီမြေကာနံရံကို တည်ဆောက်ပေးနိုင်မှသာ ၂၀၁၇-၂၀၁၈ မိုးရာသီအမီ အရည်အသွေးပြည့်မီတဲ့ စံချိန်စံညွှန်းနဲ့ ကိုက်ညီတဲ့လမ်းနဲ့ မြေကာနံရံတွေကို အသုံးပြုမှာဖြစ်ပြီး ကျွန်မတို့နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှုတွေကို ကြိုတင်ကာကွယ်ရာလည်းရောက်ပါတယ်။ ကျွန်မမေးခွန်းကို ဖြေကြားပေးမယ့် သက်ဆိုင်သူက ဒီတံတားဟာ ရှမ်းပြည်နယ်နှင့်သာသက်ဆိုင်ပါတယ်။ မြေကာနံရံအတွက် ကုန်ကျမယ့်ငွေတွေကို တွက်ချက်တိုင်းတာပြီး တင်ပြတောင်းဆိုထားပါတယ်။ အဲဒီငွေရလို့ရှိရင် အလျင်အမြန်ဆောင်ရွက်ပေး ပါမယ်လို့ဖြေကြားမယ့်အစား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေကနေ သော်လည်းကောင်း၊ ဒါမှမဟုတ်ရင် သမ္မတရဲ့သီးသန့်ရန်ပုံငွေကနေပြီးတော့ တင်ပြတောင်းခံပြီး ဆောင်ရွက်ပေးပါမယ်လို့ အမြော်အမြင်ရှိတဲ့ဌာနအနေနဲ့ သက်သေပြဖြေဆိုလိမ့်မယ်လို့ ကျွန်မ မျှော်လင့်နေပါတယ်။ အဲဒါကြောင့် ကျွန်မမေးမယ့်မေးခွန်းကတော့ လားရှိုးမြို့နယ် တံတားအမှတ် (၆/၉) အီနိုင်းတံတားအတွက် အရေးတကြီးလိုအပ်လျက်ရှိနေတဲ့ တံတားချဉ်းကပ်လမ်းအမြင့်နှင့်အညီ မြေကာနံရံများပြုလုပ်ပေးနိုင်ရန်အတွက် ချမှတ်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း မေးမြန်း အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး မေးမြန်းထားတဲ့ လားရှိုးမြို့နယ်၊ အီနိုင်းကျေးရွာရှိ တံတားအမှတ် (၆/၉) အီနိုင်းတံတားအတွက် အရေးတကြီးလိုအပ်လျက်ရှိပါသော တံတားချဉ်းကပ်လမ်းအမြင့်နှင့် အညီ မြေကာနံရံများ ပြုလုပ်နိုင်ရန်အတွက် ချမှတ်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားပေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါ။ လားရှိုး မြို့နယ်၊ အီနိုင်းကျေးရွာရှိ တံတားအမှတ်(၆/၉) အီနိုင်းတံတားဟာ ပြည်ထောင်စုအစိုးရအဖွဲ့က စီမံ ခန့်ခွဲတဲ့ လားရှိုး-မန်စံလမ်းရဲ့ မိုင်တိုင်(၈/၃)နှင့်(၈/၄)အကြားမှာ တည်ရှိပါတယ်။ လားရှိုး-မန်စံလမ်းကို နေ့စဉ်ဖြတ်သန်းသွားလာနေတဲ့ ယာဉ်စီးရေ AADT ၂၅၀ ဖြတ်သန်းအသုံးပြုလျက်ရှိပါတယ်။ အဆိုပါ တံတားကို မူလ ပေ ၁၅၀ အရှည်ရှိ တစ်လမ်းသွားသစ်သားတံတားဖြစ်ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ နှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်နှစ်ကို ရန်ပုံငွေကျပ်သန်းပေါင်း ၄၇၂ သန်းဖြင့် ပေ ၁၇၀ အရှည် ရှိ ၂၄ ပေအကျယ် နှစ်လမ်းသွား အမြဲတမ်းသံကူကွန်ကရစ်တံတားအသစ်အဖြစ်သို့ တိုးမြှင့် တည်ဆောက်ခဲ့ပါတယ်။ အဆိုပါတံတားအတွက် ချဉ်းကပ်လမ်းနှစ်ဖက်ပေါင်း ၁၀၃၇ ပေအရှည် မြေတာပေါင်တင်ခြင်းနှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ရန်ပုံငွေကျပ် ၁၄၈ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားချဉ်းကပ်လမ်း တာပေါင်တင်ခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရန်ပုံငွေရရှိပြီး မြေကာနံရံဆောင်ရွက်ရန် ကျန်ရှိနေသော်လည်းပဲ ယာယီအစီအစဉ် ဖြင့်သာ မြေကာနံရံဆောင်ရွက်ထားရှိပြီး အမြဲတမ်းမြေကာနံရံဆောင်ရွက်ရန်အတွက် ငွေလုံးငွေရင်း သဘာဝနဲ့ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ပေ ၆၅၀ အရှည် မြေကာနံရံတည်ဆောက်ခြင်း ခန့်မှန်း ကုန်ကျငွေ ကျပ် ၉၄.၂ သန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ပြတောင်းခံဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနှင့် ဖြည့်စွက်ငွေလုံးငွေရင်းရန်ပုံငွေ မရရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ မူလငွေလုံးငွေရင်းရန်ပုံငွေဖြင့် တောင်းခံရရှိပါက ဆောင်ရွက်ပေး သွားမှာဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ကလေး၀-ကျီကုန်း-တမူးလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၆၁/၃) နှင့် (၆၁/၆) အကြားနှင့် မိုင်တိုင်အမှတ် (၅၂/၂) နှင့် (၅၂/၄) အကြားတည်ရှိနေသော မျက်ကွယ်ကွေ့များအား မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် မည်သို့ စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကလေး၀-ကျီကုန်း-တမူးလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၆၁/၃) နှင့် (၆၁/၆) အကြားနှင့် မိုင်တိုင်အမှတ် (၅၂/၂) နှင့် (၅၂/၄) အကြားတည်ရှိနေသော မျက်ကွယ်ကွေ့နှစ်ခု အား မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် မည်သို့ စီမံဆောင်ရွက်ပေးသွား မည်ကို သိရှိလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကလေး၀-ကျီကုန်း-တမူးလမ်းမကြီး ဟာ အိန္ဒိယ-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးအရ အိန္ဒိယနိုင်ငံ BRTF မှ ၁၉၉၇-၂၀၀၀ ခုနှစ်အတွင်း နိုင်ငံတကာအဆင့်မီတည်ဆောက်ပေးထားတဲ့ နိုင်လွှန်ကတ္တရာလမ်းမကြီးဖြစ်ပါတယ်။ အိန္ဒိယ-မြန်မာ-ထိုင်းနိုင်ငံဆက်သွယ်ပေးထားတဲ့ လမ်းမကြီးလည်းဖြစ်ပါတယ်။ အင်မတန်ကောင်းမွန်ပါတယ်။ ကလေး-တမူး ၈၂ မိုင်ခရီးကို ၃ နာရီလောက်နဲ့ရောက်ပါတယ်။ ဒါတောင်မှ ဒီလမ်းမကြီးပေါ်မှာရှိတဲ့ ဘေလီတံတား ၆၉ စင်းကိုမပြင်ရသေးပါဘူး။ အဲဒီလိုကောင်းမွန်တဲ့ လမ်းမကြီးပေါ်မှာ မျက်ကွယ်ကွေ့တွေရှိနေခြင်းက အန္တရာယ်ကြီးမားလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုရှင်းလင်းစွာတင်ပြနိုင်ရန် Power Point ဖြင့် အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒီပုံကတော့ ကျွန်တော်တို့မိုင်တိုင် (၆၁/၃) နဲ့ (၆၁/၆) အကြား မျက်ကွယ်ကွေ့ဖြစ်ပါတယ်။ အဲဒီမျက်ကွယ်ကွေ့လေးက ကျွန်တော်တို့ လမ်းအဖြောင့်နှစ်ခုခြားထဲမှာ ကွေ့သွားတဲ့အကွေ့ဖြစ်ပါတယ်။ ဖြောင့်ဆွဲလိုက် မယ်ဆိုရင်တော့ ကျွန်တော်တို့ ပေ ၁၃၀၀ ဝန်းကျင်ပဲရှိမယ်လို့ သိရှိရပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ မိုင်တိုင်အမှတ် (၅၂/၂) နဲ့ (၅၂/၄) အကြားမှာတည်ရှိနေတဲ့ မျက်ကွယ်ကွေ့ဟာ ဆိုရင်လည်း အဖြောင့်ဆွဲလိုက်မယ်ဆိုရင် ပေ ၁၂၀၀ ဝန်းကျင်ခန့်သာရှိမယ်လို့ သိရှိရပါတယ်။ ကျွန်တော်တို့ဒေသဟာ မြေပြန့်ဒေသပါ။ မြေပြန့်ဒေသမှာ လမ်းတွေဟာလည်း အင်မတန်ကောင်းမွန်

တဲ့ အနေအထားရှိတဲ့အပေါ်မှာ တိုးတက်လာတဲ့ ဈေးကွက်စီးပွားရေးအရ အကြီးမားဆုံးနယ်စပ်ကုန်သွယ်ရေး တစ်ခုဖြစ်လာမယ့် အိန္ဒိယ-မြန်မာ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုရင် ယာဉ်စီးရေ အင်မတန်များပြားလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုအခါ ကျွန်တော်တို့ ကလေး၀-ကျီကုန်း-တမူး ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ ဘေလီတံတား ၆၉ စင်းကိုလည်း မကြာခင်အသစ်ပြန်လည် တည်ဆောက်တော့မယ်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ဒီလမ်းမကြီးဟာ ပြည်ထောင်စုလမ်းမကြီးအဖြစ်လည်းကောင်း၊ အာဆီယံလမ်းမကြီးအဖြစ်လည်းကောင်း၊ အာရှအဝေးပြေးလမ်းမကြီးအဖြစ်လည်းကောင်း၊ အသုံးပြုလာနိုင်တော့မှာဖြစ်လို့ အခုလို မျက်ကွယ်ကွေ့တွေတည်ရှိနေခြင်းက ယာဉ်ဖြတ်သန်းမှုပိုမိုများပြားလာပါက ယာဉ်အန္တရာယ်ကိုဖြစ်ပေါ်လာစေနိုင်သဖြင့် ယာဉ်အန္တရာယ်မတော်တဆမှုများနှင့် ပြည်သူတွေရဲ့အသက်အန္တရာယ်ဆုံးရှုံးမှုများ လျော့နည်းပပျောက်စေရန် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း မေးမြန်းထားတဲ့ ကလေး၀-ကျီကုန်း-တမူးလမ်း ပေါ်မှာရှိတဲ့ မိုင်တိုင်အမှတ်(၆၁/၃)နှင့် မိုင်တိုင်အမှတ်(၆၁/၆) အကြားနှင့် မိုင်တိုင်အမှတ်(၅၂/၂)နှင့် မိုင်တိုင်အမှတ်(၅၂/၄) အကြား တည်ရှိနေသော မျက်ကွယ်ကွေ့များအား မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် မည်သို့စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေး၀-ကျီကုန်း-တမူးလမ်းဟာ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံဆက်သွယ်တဲ့လမ်းဖြစ်ပြီးတော့ အိန္ဒိယနိုင်ငံ BRTF(Border Road Task Force)ကနေပြီးတော့ ၁၉၉၇ ခုနှစ်ကနေပြီးတော့ ၂၀၀၀ ပြည့်ခုနှစ်အတွင်း အိန္ဒိယနိုင်ငံအကူအညီနဲ့ နိုင်ငံတကာအဆင့်မီဖောက်လုပ်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းဟာ လမ်းသားအကျယ် ၂၄ ပေရှိတဲ့ နိုင်လွန်

ကတ္တရာလမ်းဖြစ်ပြီးတော့ တစ်နာရီကို ၅၀ ကီလိုမီတာမှ ၆၀ ကီလိုမီတာအထိ မောင်းနှင်နိုင်တဲ့လမ်း အမျိုးအစားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေး-ကျီကုန်း-တမူးလမ်းမှာရှိတဲ့ မိုင်တိုင်(၆၁/၃)နှင့် (၆၁/၄) အကြားနဲ့ မိုင်တိုင်(၅၂/၂)နှင့် (၅၂/၄) အကြားမှာရှိတဲ့ လမ်းကွေ့နေရာများကို မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် လမ်းကွေ့ဖြောင့်တန်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးတိုင်းတာပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေမှာ လျာထားတင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိတဲ့အပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ယခုလက်ရှိအနေဖြင့် မျက်ကွယ်ကွေ့များ ချုံခုတ်ခြင်း၊ အကာအကွယ်တိုင်များစိုက်ထူပေးခြင်း၊ လမ်းလယ်မျဉ်းအား ဆေးဖြူဖြင့်ရေးဆွဲခြင်း၊ သတိပေး/အသိပေး ဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်းဖြင့် လမ်းအန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နန်းယွန်း-ပန်ဆောင်ကြား ဆုလျှန်ထွန်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းမှ လမ်း၊ တံတားများသည် ပြီးမြောက်မှုမရှိသေးပါသဖြင့် သတ်မှတ်ထားသော ဘဏ္ဍာနှစ်အတွင်း အဘယ်ကြောင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှု မရှိရသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ ရှေ့ဦးစွာ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကနေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ သတ်မှတ်ထားတဲ့ ဘဏ္ဍာနှစ်အတွင်းမှာ နန်းယွန်း-ပန်ဆောင်ကြား ဆုလျှန်ထွန်းကုမ္ပဏီမှ တာဝန်ယူပြီး ယခုအချိန်အထိ အပြီးမသတ်နိုင်သေးတဲ့လမ်း Box Culvert တွေနဲ့ တံတားများနှင့် စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံပါတယ်။ ဒါတွေကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေနဲ့ ဆုလျှန်ထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်ထားတဲ့ လမ်းအပိုင်းတွေဖြစ်ပါတယ်။ ဒီလမ်းတွေက ပြီးခဲ့တဲ့လက မိုးရွာတုန်းက ပြိုကျပျက်စီးတဲ့လမ်းဖြစ်ပါတယ်။ တချို့က ဒီ နံပါတ်(၄)ပုံကတော့

တစ်ကြောင်းထိုးလမ်းနဲ့ အခုချိန်မှာ ဆိုင်ကယ်သွားလာလို့ရပြီဖြစ်ပါတယ်။ ပြီးရင် အပေါ်က နံပါတ်(၁) ပုံကလည်းပဲ တစ်ကြောင်းထိုး ထိုးထားပြီဖြစ်ပါတယ်။ နံပါတ်(၂)ပုံကတော့ ကျွန်တော်တို့ ရေလမ်းကြောင်းပိတ်လိုက်တဲ့အတွက်ကြောင့်မို့လို့ ကားလမ်းမကြီးအပေါ်မှာ ရေတွေစီးလာတာဖြစ်ပါတယ်။ ဒါ ပြီးခဲ့တဲ့လက မိုးရွာသွန်းတဲ့အတွက်ကြောင့်မို့လို့ ပြိုကျပျက်စီးတဲ့ လမ်းတွေဖြစ်ပါတယ်။ ဒါကတော့ ဒီ Box Culvert တွေ ဖြစ်ပါတယ်။ အခုအချိန်အထိ လက်ရှိနောက်ဆုံးအခြေအနေအထိ ရှိနေသေးတဲ့ ဆုလျှန်ထွန်းကုမ္ပဏီကနေပြီး ဆောက်လုပ်ထားတဲ့ Box Culvert တွေဖြစ်ပါတယ်။ ဒီ Box Culvert တွေလည်းပဲ ကြာပြီဖြစ်ပါတယ်။ ဒါ ပြီးခဲ့တဲ့နှစ်ကတည်းက ဆောက်ထားတဲ့ တိုင်စိုက်ထားတာဟာ အခုအချိန်အထိ ဒီအတိုင်းပဲဖြစ်ပါတယ်။ ဒီဟာတွေနဲ့ပတ်သက်လို့ ပြောလာလို့ရှိရင် ရာသီဥတုကြောင့် သဲမရနိုင်လို့ဆိုတဲ့ အကြောင်းပြချက်တွေ အများကြီးပေးလာမှာဖြစ်ပါတယ်။ ဆိုတော့ ကျွန်တော်တို့ဆီမှာ မိုးမရွာတဲ့အချိန်မှာလည်းပဲ ဒီဆုလျှန်ထွန်းကုမ္ပဏီက အလုပ်မလုပ်ဘူး။ သူတို့မှာ လူမရှိတဲ့ပြဿနာက အဓိကဖြစ်ပါတယ်။ သူတို့ဆီမှာလုပ်တဲ့သူတွေက အကုန်လုံး ထွက်ပြေးကုန်တယ်ဆိုတော့ ဒီနေ့ ဒီအချိန်အထိ သူတို့မှာ ဘာကြောင့်ဒီလိုဖြစ်ရတယ်ဆိုတာ ကျွန်တော်တို့ မသိရတာဖြစ်ပါတယ်။ ဒီတံတားကတော့ ကျွန်တော်တို့ နဂိုတံတားအဟောင်းက ပေ ၃၀ တံတားဖြစ်ပါတယ်။ ဒါ ဒုတိယကမ္ဘာစစ်ကတည်းက ဆောက်ထားတဲ့တံတား ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီတံတားကို ပေ ၂၀ သံဘောင်တံတားအသစ် ဆောက်လုပ်ဖို့ရန်အတွက် ကျလာတဲ့ ဘတ်ဂျက်ဖြစ်ပါတယ်။ ဒါပေမဲ့လို့ ဒီတံတားအဟောင်းကို Backhole နဲ့အောက်ကိုချပြီးတော့ ဒီဟာကိုဆေးသုတ်ပြီးတော့ ပြန်တင်ထားလိုက်တာပဲဖြစ်ပါတယ်။ ဒီဟာကိုလည်းပဲ ဒါဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာကို သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ကွင်းဆင်းပြီးတော့ ကြပ်မတ်ပေးစေချင်ပါတယ်။ ဒီလောက်သံချေးတက်နေတဲ့ တံတားအဟောင်းကို သူတို့ဆေးနှစ်ထပ်သုတ်ပြီးမှတင်ထားတဲ့တံတားဖြစ်ပါတယ်။ ဒါကတော့ ဒီနောက်ဆုံးပြီးမြောက်တဲ့အခြေအနေဖြစ်ပါတယ်။ ဒါကတော့ ပေ ၁၀၀ သံဘောင်ဘေလီတံတားဖြစ်ပါတယ်။ ဒီဟာကတော့ ဟိုဘက်ဒီဘက် တင်လိုက်ပြီဖြစ်ပါတယ်။ ခင်းတဲ့အပိုင်းမပြီးစီးသေးပါဘူး။ ဒါကြောင့်မို့လို့ ဒီလို ကျွန်တော်တို့ဒေသမှာ လာရောက်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်တဲ့ ဒီဆုလျှန်ထွန်းကုမ္ပဏီက လုပ်ငန်းကို ကျွန်တော်တို့ ဖုန်းနဲ့ဆက်သွယ်တဲ့အခါမှာလည်းပဲ ဆက်သွယ်လို့မရပါဘူး။ ဖုန်းလည်းပဲ ပိတ်ထားတယ်။ အခုအချိန်အထိ ဆက်သွယ်လို့မရပါဘူး။ ဆက်သွယ်လိုက်ပြီဆိုလို့ရှိရင် ဒါကိုအကြောင်း အမျိုးမျိုးပြပါတယ်။ မြို့နယ်မှာရှိတဲ့ နယ်စပ်ရေးရာ န.တ.လ အဖွဲ့အစည်းတွေက ပြောလို့ရှိရင်လည်း အလေးအနက်မထားတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုးကုမ္ပဏီကို

ကျွန်တော်တို့ Blacklist ပေးသင့်ပါတယ်။ အရေးလည်းပဲ ယူဖို့သင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်လိုအခက်အခဲကြောင့်၊ ဘာကြောင့် သတ်မှတ်ဘဏ္ဍာနှစ်မှာ ပြီးမြောက်အောင်ဆောင်ရွက်နိုင်မှုမရှိသလဲဆိုတာကို သိရှိနိုင်ဖို့ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန အနေနဲ့ တိတိကျကျ၊ ရှင်းရှင်းလင်းလင်း ဖြေကြားပေးဖို့ ဥက္ကဋ္ဌကြီးမှာတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝမ်းလှမှ မေးမြန်းထားတဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကနေပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နန်းယွန်း-ပန်ဆောင်အကြား ဆုလျှန်ထွန်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းကနေပြီးတော့ လမ်း/တံတားများသည် ယခုအချိန်အထိ ပြီးမြောက်မှုမရှိသေးပါသဖြင့် သတ်မှတ်ထားသော ဘဏ္ဍာနှစ်အတွင်း အဘယ်ကြောင့်ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှုမရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြ အပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်း(ရှင်ဗွေယန်- နန်းယွန်း-ပန်ဆောင်အပိုင်း)ဟာဆိုရင် မိုင်တိုင်(၁၇၇/၀) ကနေပြီးတော့ (၂၂၈/၀) အထိ ၅၁ မိုင် ရှည်လျားပါတယ်။ ၅၁ မိုင်အနက် မိုင်တိုင်(၁၉၃/၀) ကနေပြီးတော့ မိုင်တိုင်(၂၂၈/၀) အထိ ၃၅ မိုင်အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်များမှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၎င်းတို့ရဲ့ ရန်ပုံငွေနဲ့ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ မိုင်တိုင်(၁၉၃/၀) (နန်းယွန်း)ကနေပြီးတော့ မိုင်တိုင်(၂၀၅/၀) (နမ္မလစ်) အထိ ၁၂ မိုင်၊ မိုင်တိုင်(၂၂၁/၀) မှ မိုင်တိုင်(၂၂၈/၀) (ပန်ဆောင်)အထိ ခုနှစ်မိုင်၊ စုစုပေါင်း ၁၉ မိုင်တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီးဖြစ်တဲ့အတွက် ၂၉-၂-၂၀၁၆ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံပြီးတော့ ထိန်းသိမ်းခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ကျန်မိုင်တိုင် (၂၀၅/၀) မှ မိုင်တိုင်(၂၂၁/၀) အထိ ၁၆ မိုင်မှာ လုပ်ငန်းပြီးစီးမှုမရှိသေးတဲ့အတွက် ဆောက်လုပ်ရေး

ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခြင်း မရှိသေးပါဘူး။ ဆုလျှန်ထွန်းကုမ္ပဏီဟာဆိုရင် မိုင် ၂၀၅/၀ ကနေပြီးတော့ မိုင်တိုင် ၂၂၁/၀ အတွင်း နယ်စပ်ရေးရာ ဝန်ကြီးဌာနရန်ပုံငွေ တင်ဒါစနစ်နဲ့ လုပ်ငန်းဆောင်ရွက်နေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ရန်ပုံငွေ ကျပ်သန်းပေါင်း ၂၂၅၄.၃၇၆ သန်းနှင့် (၃၄) ပေ အကျယ် မြေသားလမ်းချဲ့ခြင်း ၁၁ မိုင် ၃ ဖာလုံ၊ ၁၂ ပေအကျယ် တစ်ပေထုကျောက်ခင်းခြင်း ၄ မိုင်၊ ၄ x ၂၄ ပေ ရေထုတ်ပြွန်တည်ဆောက်ခြင်း ၇၅ စင်း၊ ၆ x ၂၄ ပေရေထုတ်ပြွန်တည်ဆောက်ခြင်း ၁၀ စင်း၊ ၂၀ x ၁၀ x ၅၀ ပေ Box Culvert တည်ဆောက်ခြင်းလေးစင်း၊ ပေ ၂၀ အရှည် ဘေလီတံတား တည်ဆောက်ခြင်း တစ်စင်းစတဲ့ လုပ်ငန်းများဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဆောင်ရွက်ရန်လုပ်ငန်းများ အနက် ၆၈ % ပြီးစီးနေပြီး ၄ x ၂၄ ပေ ရေထုတ်ပြွန်တည်ဆောက်ခြင်းနှစ်စင်း၊ ၆ x၂၄ ပေရေထုတ်ပြွန် တည်ဆောက်ခြင်းနှစ်စင်းနှင့် ၂၀ x ၁၀ x ၅၀ ပေ Box Culvert တည်ဆောက်ခြင်း တစ်စင်းဆောင် ရွက်ရန် ကျန်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆုလျှန်ထွန်းကုမ္ပဏီအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ရန်ပုံငွေကျပ် ၉၁၅.၅၃ သန်းနဲ့ ၂၀ x ၈ x ၅၀ ပေ Box Culvert တည်ဆောက်ခြင်း လေးစင်း၊ ၁၀၀ ပေအရှည် ဘေလီတံတားတည်ဆောက်ခြင်း တစ်စင်းဆောင်ရွက်ရမှာဖြစ်ပြီးတော့ ၂၀ x ၈ x ၅၀ ပေ Box Culvert တည်ဆောက်ခြင်းလေးစင်းမှာ ဆောင်ရွက်ပြီးဖြစ်ပြီးတော့ ပေ ၁၀၀ အရှည်ဘေလီတံတားမှာ Bridge Decking and Finishing Works ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ကုမ္ပဏီမှ ဆောင်ရွက်ရန်ကျန်ရှိတဲ့လုပ်ငန်းများကို ယခုနှစ် ပွင့်လင်းရာသီတွင် အပြီးဆောင်ရွက်ပေး သွားမည်ဟု သိရှိရပါကြောင်းနှင့် ကုမ္ပဏီ၏ဆောင်ရွက်နေမှုများအား သတ်မှတ်ချိန်အတွင်း ပြီးပြတ် အောင် ဆောင်ရွက်သွားနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ဆောက်လုပ်ရေးဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်တွင် (Least Development Country-LDC) အဖြစ် သတ်မှတ်ခြင်းခံခဲ့ပါ၍ မည်သည့်အချက်အလက်များနှင့် ပြည့်စုံလျှင် (LDC) အဖြစ် သတ်မှတ်ခြင်းကို ခံယူခွင့်ရှိကြောင်း၊ ယင်းသို့ သတ်မှတ်ခံရခြင်းကြောင့် မည်သည့်အခွင့်အရေးများရရှိကြောင်း၊ မြန်မာနိုင်ငံ (LDC) ဘဝမှ လွတ်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရက မည်သို့မည်ပုံစီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ ကျွန်တော်က မြန်မာနိုင်ငံ LDC ဘဝကျရောက်နေတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ၁၉၆၂ ခုနှစ် ဟိုဘက် ပထမပါတီစုံဒီမိုကရေစီခေတ်တုန်းက ဆိုရင် အရှေ့တောင်အာရှဒေသအတွင်းမှာ ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာအကောင်းဆုံးနိုင်ငံအဖြစ် ကမ္ဘာရဲ့ဘဏ္ဍာရေး၊ စီးပွားရေးပညာရှင်တွေရဲ့ ခန့်မှန်းသုံးသပ်ခြင်းကို ခံခဲ့ရတဲ့နိုင်ငံဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ ငေးမောအားကျခြင်းကိုလည်း ခံခဲ့ရတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၈၇ ခုနှစ်မှာတော့ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ LDC စာရင်းထဲကို ဝင်ရောက်သွားခဲ့ပါတယ်။ ဒီအတွက် ကျွန်တော်တို့ ပြည်သူတွေလည်း စိတ်မကောင်းခြင်းကြီးစွာဖြစ်ခဲ့ရပါတယ်။ အခုထိလည်း စိတ်ဒဏ်ရာတွေက ရနေကြတုန်းပါပဲ။ ဒါပေမဲ့ LDC ရဖို့ဆိုတာ နိုင်ငံတော်အစိုးရကနေပြီးတော့ လျှောက်ထားမှရတယ်ဆိုတာ ကျွန်တော်တို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်သိချင်တာက LDC နိုင်ငံ အဆင့်အတန်းရဖို့အတွက် လျှောက်ထားတဲ့အခါမှာ ဘယ်လိုအချက်အလက်တွေပြည့်စုံရင် LDC နိုင်ငံအဖြစ် နိုင်ငံတကာအဖွဲ့အစည်းတွေက သတ်မှတ်ပေးသလဲ။ LDC နိုင်ငံဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံက ဘယ်လိုကောင်းကျိုးတွေ၊ ဆိုးကျိုးတွေရရှိသလဲ။ နောက်ပြီးတော့ အခုလက်ရှိအခြေအနေမှာ ကျွန်တော်တို့ LDC နိုင်ငံအဖြစ်ကနေ လွတ်မြောက်ဖို့အတွက် အစိုးရအဆက်ဆက်က ကြိုးစားလာတာ ဘယ်အဆင့်အထိရောက်နေပြီလဲ။ အဲဒီတော့ LDC နိုင်ငံအဖြစ်ကနေပြီးတော့ လွတ်မြောက်အောင် လက်ရှိ နိုင်ငံတော် ပြည်ထောင်စုအစိုးရအနေနဲ့ ဘယ်လိုမဟာဗျူဟာ၊ နည်းဗျူဟာတွေချမှတ်ပြီးတော့ ဆောင်ရွက်သွားဖို့ အစီအစဉ်တွေရှိ/မရှိဆိုတာကို မြန်မာပြည်သူများရဲ့ ကိုယ်စား လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်တော် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့ မြန်မာနိုင်ငံ LDC ဘဝမှ လွတ်မြောက်ရေးနှင့်စပ်လျဉ်းတဲ့မေးမြန်းချက်အပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ ဖြေကြားချက်များကို ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့နေရာတွေမှာ Power Point အနည်းငယ် အသုံးပြုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဦးစွာ Least Developed Country- LDC ရဲ့ နောက်ခံသမိုင်းကြောင်းကို တင်ပြလိုပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရဲ့ Office of the High Representative for the Least Development Countries ရဲ့ ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံများအနက် အဆင်းရဲဆုံးနှင့် အားအနည်းဆုံးနိုင်ငံများကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (Least Developed Countries- LDCs) အဖြစ် ၁၉၇၁ ခုနှစ်မှစ၍ သတ်မှတ်ခဲ့သည်ကို တွေ့ရှိရပါတယ်။ အဆိုပါနိုင်ငံများရဲ့ ဖွံ့ဖြိုးမှုက အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စွန့်စားရမှုများပြားပြီး ဆင်းရဲမှုမှလွတ်မြောက်ရန် မစွမ်းဆောင်နိုင်သေးသည့်အတွက် အထူးထောက်ပံ့ပေးရန် လိုအပ်သည့်နိုင်ငံများအဖြစ် သတ်မှတ်ခြင်းဖြစ်ပါတယ်။

၁၉၇၁ ခုနှစ်က LDC နိုင်ငံ ၂၀ နိုင်ငံရှိခဲ့ပြီး မြန်မာနိုင်ငံဟာ ၁၉၈၇ ခုနှစ်မှာ LDC သို့ ဝင်ရောက်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာကျတော့ ၄၉ နိုင်ငံရှိခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်နောက်ပိုင်းမှာ ၂၀၁၀ ခုနှစ်မှာ မော်လဒိုက်နိုင်ငံနှင့် ၂၀၁၄ ခုနှစ်မှာ ဆာမိုအာနိုင်ငံတို့ဟာ LDC ဘဝက လွတ်မြောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ တောင်ဆူဒန်နိုင်ငံဝင်ရောက်လာတဲ့အတွက်ကြောင့် လက်ရှိအခြေအနေမှာတော့ ၄၈ နိုင်ငံရှိပါတယ်။ ဒီ ၄၈ နိုင်ငံထဲမှာ အာဖရိကဒေသက ၃၄ နိုင်ငံ၊ အာရှနှင့် ပစိဖိတ်ဒေသက အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာအပါအဝင် ၁၃ နိုင်ငံနှင့် လက်တင်အမေရိကနှင့် ကယ်ရီဘီယံဒေသက တစ်နိုင်ငံတို့ပါဝင်တာကို တွေ့ရှိရပါတယ်။ ကုလသမဂ္ဂမူဝါဒဖွံ့ဖြိုးမှုကော်မတီ (The United Nations Committee for Development Policy- CDP) ရဲ့ LDC အဖြစ်

သတ်မှတ်တဲ့ (Criteria) ကတော့ ကွန်တော်တို့ သုံးချက်ရှိပါတယ်။ ဒါတွေကတော့ ဆင်းရဲမှုရယ်၊ လူသားအရင်းအမြစ်ရယ်၊ စီးပွားရေးထိခိုက်လွယ်မှု သုံးချက်ဖြစ်ပါတယ်။ ပထမဦးဆုံးတိုင်းတာတဲ့ ညွှန်းကိန်းကတော့ တစ်ဦးကျသင့်ငွေ GNI ညွှန်းကိန်းဖြစ်ပါတယ်။ တစ်ဆက်တစ်စပ်တည်း သုံးနှစ်ကာလအတွင်းမှာ တစ်ဦးကျဝင်ငွေနဲ့တိုင်းတာခြင်းဖြစ်ပါတယ်။ တစ်ဦးကျဝင်ငွေကို ၁၉၇၁ ခုနှစ်က တစ်နှစ်ကို ၇၄၅ ဒေါ်လာအောက်ရရှိတဲ့နိုင်ငံများကို LDC အဖြစ်သတ်မှတ်ခဲ့ပြီး ၉၀၀ ကျော်လို့ရှိရင် LDC အဖြစ်ကလွတ်မြောက်တယ်လို့ သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပြင်ဆင်သတ်မှတ်တဲ့စံနှုန်း အရဆိုလို့ရှိရင် တစ်ဦးကျဝင်ငွေ တစ်နှစ်ကို ၁၀၃၅ ဒေါ်လာကို ဝင်ရောက်နိုင်ပြီးတော့ လွတ်မြောက်ဖို့ ကတော့ ၁၂၃၂ ဒေါ်လာကျော်ရှိသော သတ်မှတ်ကြောင်း တွေ့ရှိရပါတယ်။

နောက်တစ်ခု ညွှန်းကိန်းတစ်ခုကတော့ လူသားအရင်းအမြစ်ညွှန်းကိန်းဖြစ်ပါတယ်။ Human Asset Index ဖြစ်ပါတယ်။ HAI အတိုကောက်ဖြစ်ပါတယ်။ အာဟာရဓာတ်ရရှိမှုတို့၊ ငါးနှစ်အောက် ကလေးသေနှုန်း၊ အလယ်တန်းကျောင်းဝင်မှုနှုန်းနှင့် သက်ကြီးစာတတ်မြောက်မှုနှုန်း စသည်တို့ တိုင်းတာရပါတယ်။ HAI အတွက် သတ်မှတ်တဲ့စံနှုန်းကတော့ ဝင်ရောက်ရေးအတွက်ကို ၆၀ ဖြစ်ပြီး တော့ လွတ်မြောက်ရေးအတွက်က ၆၆ ဖြစ်ပါတယ်။ နောက်ညွှန်းကိန်းတစ်ခုကတော့ စီးပွားရေးထိခိုက် လွယ်မှုညွှန်းကိန်း (Economic Vulnerability Index- EVI) ဖြစ်ပါတယ်။ လူဦးရေအရွယ်အစား၊ ဝေးလံခေါင်းပါးဒေသများပြားခြင်း၊ တင်ပို့တဲ့ကုန်စည်အမျိုးအစားနည်းပါးခြင်း၊ စီးပွားရေးအဆောက် အအုံမှာ လယ်ယာ၊ သားငါး၊ သစ်တောထုတ်ကုန်အပေါ် မှာမှီခိုရခြင်း၊ လယ်ယာထုတ်လုပ်မှု တည်ငြိမ်မှု မရှိခြင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှု တင်ပို့မှုမတည်ငြိမ်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ရခြင်းတို့ ပါဝင်ပါတယ်။ EVI အတွက် သတ်မှတ်စံနှုန်းကတော့ ဝင်ရောက်ရေးအတွက် ၃၆ ဖြစ်ပြီး တော့ လွတ်မြောက်ရေးအတွက်ကတော့ ၃၂ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံဟာ အထက်ပါအချက်ပါအချက်တွေနဲ့ အကျုံးဝင်ကိုက်ညီလို့ရှိရင် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီရဲ့ အတည်ပြုချက်နဲ့ LDC နိုင်ငံအဖြစ် ဝင်ရောက်နိုင်ပါတယ်။ ဤသို့ ဝင်ရောက်ရာတွင် နိုင်ငံ၏လူဦးရေသည် ၇၅ သန်းထက် မပိုရပါ။ LDC နိုင်ငံအဖြစ် ရရှိနိုင်တဲ့ အကျိုး ကျေးဇူးများကတော့ အကြွေးလျှော်ပေးခြင်း၊ ကုန်သွယ်မှုဆိုင်ရာအခွင့်အရေးများ ရရှိနိုင်မှု၊ တရားဝင် ဖွံ့ဖြိုးမှုအကူအညီများ ရရှိနိုင်မှု၊ နိုင်ငံခြားအကူအညီအထောက်အပံ့များ ရရှိနိုင်မှု၊ ကုလသမဂ္ဂ ထည့်ဝင်ကြေးလျှော့ပေါ့ပေးမှု၊ နိုင်ငံခြားအစည်းအဝေးများ တက်ရောက်ရာမှာ သက်ဆိုင်ရာဖိတ်ကြား တဲ့အဖွဲ့အစည်းများမှ ခရီးသွားရန် ရန်ပုံငွေအထောက်အပံ့ရရှိနိုင်မှု၊ ပညာတော်သင်ဆုများ၊ နည်းပညာ

အကူအညီများနှင့် အခြားအကူအညီများဖြစ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ ဖွံ့ဖြိုးမှုအထောက်အပံ့များကို ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများထံမှ ရရှိနိုင်ပါတယ်။ LDC နိုင်ငံဟာ World Trade Organization (WTO) အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့လို့ရှိရင် WTO နှင့်ဆက်စပ်တဲ့ အထူးအခွင့်အရေးများဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် စျေးကွက်ရရှိမှုတို့အတွက် အထူးအခွင့်အရေးများ အစီအစဉ်အောက်မှ နိုင်ငံဖွံ့ဖြိုးမှုအတွက် ပေးအပ်တဲ့အကူအညီအထောက်အပံ့များကိုလည်း ခံစားနိုင်မှာဖြစ်ပါတယ်။ LDC နိုင်ငံအဖြစ်မှ လွတ်မြောက်ရန်ကြိုးပမ်းလိုတဲ့နိုင်ငံများအတွက် ကုလသမဂ္ဂအစီအစဉ်အောက်မှာ LDC နိုင်ငံမှလွတ်မြောက်ရေးအတွက် အစွတန်ဘူလ်လုပ်ငန်းစဉ်ပါ အထူးအကူအညီများကိုလည်း ရရှိခဲ့စားနိုင်စေတာဖြစ်ပါတယ်။

LDC နိုင်ငံအဖြစ်က လွတ်မြောက်ရန် သတ်မှတ်ထားတဲ့အချက် သုံးချက်ရှိတဲ့အနက် အချက်နှစ်ချက်မှာ လွတ်မြောက်ရန် သတ်မှတ်ထားတဲ့အညွှန်းကိန်းထက်ကျော်လွန်နေလျှင်ဖြစ်စေ၊ တစ်ဦးကျဝင်ငွေဟာ စံသတ်မှတ်ချက်ထက် နှစ်ဆကျော်လွန်နေလျှင်ဖြစ်စေ လွတ်မြောက်နိုင်ပါတယ်။ သို့ရာတွင် ယင်းအနေအထားသည် သုံးနှစ်ဆက်တိုက်ဖြစ်ရန်လိုအပ်ပြီး နောက်ထပ်သုံးနှစ်စောင့်ကြည့်ခြင်းကို ခံရမှာဖြစ်ပါတယ်။ စောင့်ကြည့်ကာလ သုံးနှစ်ပြည့်မြောက်ပြီးနောက် ကုလသမဂ္ဂအထွေထွေညီလာခံရဲ့အတည်ပြုချက်နဲ့ LDC မှလွတ်မြောက်နိုင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်တွက်ချက်မှုအရ HAI ၇၂.၇ ရှိသည့်အတွက် သတ်မှတ်စံနှုန်း ၆၆ ထက်ကျော်လွန်သည်ကို တွေ့ရပါတယ်။ သို့သော် HAI နှင့်ပတ်သက်၍ အချို့ကိန်းဂဏန်းများရဲ့အရည်အသွေးဟာ လိုအပ်ချက်များရှိနေပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် တစ်ဦးကျဝင်ငွေမှာ ၁၀၆၃ ဒေါ်လာဖြစ်သောကြောင့် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ပြည့်မီမှုမရှိသေးပါ။ ၂၀၁၄-၂၀၁၅ ခုနှစ် EVI မှာ ၃၃.၇ ရှိသဖြင့် အများဆုံးသတ်မှတ်ချက်ထက် ပိုမိုနေပါတယ်။ GNI နှင့် EVI တို့မှာ အချိန်တိုအတွင်းမှာ သတ်မှတ်တဲ့ threshold များကို ပြည့်မီရန်ကြိုးစားဖို့ လိုသေးကြောင်း တွေ့ရပါတယ်။ မိမိတို့နိုင်ငံဟာ ၁၉၈၇ ခုနှစ် လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ခန့်မှစပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သော်လည်း စီးပွားရေးပိတ်ဆို့မှုများကြောင့် LDC နိုင်ငံများ ရရှိခံစားနိုင်တဲ့အခွင့်အရေးများကို အပြည့်အဝရရှိခံစားရခဲ့ခြင်း မရှိပါ။ ယခုအခါ စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပြီးဖြစ်သဖြင့် LDC နိုင်ငံများ ရယူခံစားခွင့်ရှိတဲ့ Special Support Measure များကို လေ့လာပြီး ရယူအသုံးချနိုင်ရန် စီမံချက်များ၊ အဆိုပြုလွှာများ ရေးဆွဲဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**မူကြမ်း**

မိမိတို့နိုင်ငံအနေဖြင့် LDC မှလွတ်မြောက်ရန် ရည်မှန်းချက်ထက် ပိုမိုသာလွန်သော နိုင်ငံဖွံ့ဖြိုးရေးရည်မှန်းချက်များကို ထားရှိပြီး အဆိုပါရည်မှန်းချက်များအရ ရရှိလာမည့် ဖွံ့ဖြိုးမှုရလဒ်များအရ LDC မှအလိုအလျောက်လွတ်မြောက်သည့်ပုံစံကို စဉ်းစားသင့်ပါတယ်။ ယင်းသို့ဆောင်ရွက်ရာမှာ LDC နိုင်ငံများ ရရှိသင့် ရရှိထိုက်တဲ့အခွင့်အရေးများဖြစ်တဲ့ ကုန်သွယ်ရေးအကူအညီ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုခံစားခွင့် စတာတွေကို ရရှိခံစားနိုင်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပုဂ္ဂလိက ကဏ္ဍက Importer ၊ Exporter များကိုလည်း အသိပညာပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ အစိုးရသစ်အနေနဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး LDC Graduation ကို ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယသမ္မတ(၂) ဦးဆောင်တဲ့ ဖွံ့ဖြိုးမှုနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ်တာဝန်ယူဆောင်ရွက်ပါတယ်။ ယင်းကော်မတီကိုအထောက်အကူပြုရန်အတွက် တစ်ဦးကျဝင်ငွေဆိုင်ရာဆပ်ကော်မတီ၊ လူသားအရင်းအနှီးအညွှန်းကိန်းဆိုင်ရာဆပ်ကော်မတီ၊ စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာဆပ်ကော်မတီနဲ့ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးဆပ်ကော်မတီတို့ကို ဖွဲ့စည်းထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သော အခွန်အကောက်ရငွေများရရှိရေး၊ အခွန်ထမ်းပြည်သူများအနေနှင့် ဥပဒေနှင့်အညီ နေထိုင်နိုင်ရေး၊ ဥပဒေအရခွင့်ပြုထားသော ရပိုင်ခွင့်၊ စုဆောင်းခွင့် ငွေဖြူပမာဏကို ထမ်းဆောင်လိုက်သည့် အခွန်ပမာဏနှင့်အညီ တရားဝင်စုဆောင်းခွင့်ရပြီး ငွေမည်မျှရှိသည်ဆိုခြင်းကို သိရှိနိုင်သော အခွန်ထမ်းတစ်ဦးချင်းအတွက် သတ်မှတ်ဖော်ပြပေးသည့် အခွန်စနစ်အဖြစ် ပြုပြင်ဆောင်ရွက်ပေးမည့် အစီအမံများဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုရဲ့ အခွန်

အကောက်ဥပဒေအရ ကောက်ခံတဲ့ဝင်ငွေခွန်တွေကို ဝင်ငွေအလိုက် ကင်းလွတ်ခွင့်နဲ့နုတ်ပယ်ပြီး သတ်မှတ်ထားတဲ့အဆင့်အလိုက် တွက်ချက်ကောက်ခံနေတာ တွေ့ရပါတယ်။ ကောက်ခံတဲ့အခါမှာ လစာနှင့်ဝင်ငွေအပေါ် ကင်းလွတ်ခွင့်တွေနုတ်ပြီးတော့ ကျန်တဲ့ငွေ သိန်း ၂၀ ထက်ကျော်လွန်တဲ့ ဝင်ငွေအပေါ်မှာ ဝင်ငွေအဆင့်အလိုက် ငါးရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းနဲ့ ၂၅ ရာခိုင်နှုန်းဆိုပြီးတော့ တွက်ချက်ကောက်ခံပါတယ်။ ပြီးတော့ ပြောင်းရွှေ့နိုင်တဲ့ပစ္စည်း၊ မပြောင်းရွှေ့နိုင်တဲ့ပစ္စည်းများ ဝယ်ယူမှုအပေါ်မှာ ဝင်ငွေရလမ်းမဖော်ပြနိုင်တဲ့ ဝင်ငွေအပေါ်မှာ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေပုဒ်မ ၂၄ အရ တစ်ကျပ်ကနေပြီးတော့ ကျပ်သိန်း ၃၀၀ အထိ ၁၅ ရာခိုင်နှုန်း၊ သိန်း ၃၀၁ ကျပ်ကနေပြီးတော့ သိန်း ၁၀၀၀ အထိ ၂၀ ရာခိုင်နှုန်းနဲ့ ကျပ်သိန်း ၁၀၀၁ ကျပ်နှင့်အထက်ကိုတော့ ၂၅ ရာခိုင်နှုန်းဆိုပြီးတော့ သတ်မှတ်ကောက်ခံတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဆိုတာ True and Fair ဖြစ်ဖို့လိုပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ အခွန်အကောက်စနစ်အရ အခွန်ထမ်းဆောင်တဲ့ ပြည်သူတစ်ယောက်အနေနဲ့ လစာနှင့်ဝင်ငွေအပေါ်မှာ အခွန်ငွေတစ်ရပ်ထမ်းဆောင်တဲ့အခါမှာ လက်ရှိစနစ်အရ အခွန်ဦးစီးဌာန အဆင့်ဆင့်မှာရှိတဲ့ အခွန်ဦးစီးအရာထမ်းအဆင့်ဆင့်က ဝင်ငွေခွန်ကြေညာလာ၊ တင်သွင်းမှု စစ်ဆေးမှုအပေါ်မှာ ခန့်မှန်းတွက်ချက်ပြီးတော့ အခွန်ဆိုင်ရာအဆင့်ဆင့်တင်ပြစိစစ် ခွင့်ပြုသတ်မှတ်ချက်အရ အခွန်ကောက်ခံရတာ တွေ့ရပါတယ်။ အခွန်ထမ်ပြည်သူတစ်ဦးအနေနဲ့ သတ်မှတ်ပေးလိုက်တဲ့ အခွန်ငွေကို ထမ်းဆောင်ပေးသွင်းလိုက်ရပြီးတော့ မိမိတရားဝင်စုစောင်းနိုင်တဲ့ ငွေဖြူပမာဏ ဘယ်လောက်ရှိမှန်း မသိကြပါဘူး။ ဒါကြောင့်မို့လို့ ပြည်သူတစ်ဦးအနေနဲ့ နေအိမ်ဝယ်ယူတာတို့၊ ဆောက်လုပ်တာတို့၊ မော်တော်ယာဉ်တွေဝယ်ယူတာတို့ စတာတွေပြုလုပ်တဲ့အခါမှာ ဥပဒေလုပ်ထုံးလုပ်နည်းတွေ နားမလည်တဲ့အတွက်ကြောင့် အခွန်အကောက်ဥပဒေပုဒ်မ ၂၄ ပါပြဋ္ဌာန်းချက်နဲ့ ထပ်ပြီးတော့ အခွန်ထမ်းဆောင်ရတဲ့အခါမှာ မလိုလားအပ်တဲ့ ပြဿနာတွေ၊ အခွန်ထမ်းပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာတာတွေ၊ လုပ်ပိုင်ခွင့်ရှိသူတွေရဲ့ မသမာကိုယ်ကျိုးရှာမှု အခွင့်အလမ်းဖန်တီးပေးထားသလို အခြေအနေတွေ ဖြစ်နေတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အခွန်ထမ်းပြည်သူများအနေနဲ့ ဥပဒေနှင့်အညီ နေထိုင်နိုင်ရေး၊ ဥပဒေအရ ခွင့်ပြုထားတဲ့ ရပိုင်ခွင့်၊ စုစောင်းခွင့် ငွေဖြူပမာဏကို ထမ်းဆောင်လိုက်တဲ့ အခွန်ငွေပမာဏနဲ့ အညီ တရားဝင်စုစောင်းပြီးတော့ ငွေဘယ်လောက်ရှိတယ်ဆိုတာကို သိရှိနိုင်ပြီးတော့ စုစောင်းငွေကိုလည်းပဲ လိုအပ်တဲ့ ပမာဏအပေါ် ပြည်သူတွေအနေနဲ့ အခွန်ငွေထပ်ပြီးတော့ ဆောင်လာနိုင်တဲ့ အတွက်ကြောင့် နိုင်ငံအတွက်လည်းပဲ အခွန်ငွေပိုပြီးတော့ ရလာနိုင်တဲ့ အခွင့်အလမ်းတိုးလာနိုင်တဲ့

**မူကြမ်း**

အတွက်ကြောင့် အခွန်ထမ်းတစ်ဦးချင်းအတွက် စုစောင်းငွေ သတ်မှတ်ဖော်ပြပေးတဲ့ အခွန်စနစ်အဖြစ် ပြုပြင်ဆောင်ရွက်ပေးမယ့် အစီအမံများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်ရှိမယ်ဆိုရင် ဘယ်လိုပုံစံ၊ ဘယ်လိုစနစ်နဲ့ ဆောင်ရွက်ပေးမယ်ဆိုတာကို မဲဆန္ဒရှင်ပြည်သူတွေရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါဟု ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့ အခွန်ထမ်းပြည်သူများမှ မိမိထမ်းဆောင်ထားသောအခွန်ငွေများအပေါ် တရားဝင်စုဆောင်းခွင့်ရှိပြီး စုဆောင်းငွေမည်မျှရှိသည်ကို သိရှိနိုင်သော သတ်မှတ်ဖော်ပြပေးသည့် အခွန်စနစ်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံတဲ့အခွန်အမျိုးအစား ၂၁ မျိုးရှိပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်ဟူသည့် အခွန်ငါးမျိုးကို ကောက်ခံတာဝန်ယူလျက်ရှိပါတယ်။

ဝင်ငွေခွန်စည်းကြပ်ရာမှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ ဖွဲ့စည်းတည်ထောင်ထားတဲ့ကုမ္ပဏီများဟာ ဥပဒေအရ သက်သာခွင့်များ မနုတ်မီ အသားတင်အမြတ်ဝင်ငွေအပေါ်မှာ ၂၅ ရာခိုင်နှုန်းပေးဆောင်ရပြီး တစ်ဦးချင်းပုဂ္ဂိုလ်များဟာ သက်သာခွင့်များနုတ်ပြီး ကျန်ဝင်ငွေအပေါ်မှာ အလွှာအလိုက်အခွန်နှုန်းများဖြင့် ပေးဆောင်ရပါတယ်။ ထိုသို့ ဝင်ငွေခွန်ပေးဆောင်ထိုက်သည့် ဝင်ငွေရရှိသူများကို လစာဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ၊ စီးပွားရေးလုပ်ငန်းမှဝင်ငွေ၊ ပစ္စည်းမှဝင်ငွေ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ၊ စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ၊ အခြားရလမ်းမှဝင်ငွေဆိုသည့် ဝင်ငွေခေါင်းစဉ်များဖြင့်

စည်းကြပ် ကောက်ခံပါတယ်။ လစာဝင်ငွေမှာ ရရှိသည့်လစာဝင်ငွေစုစုပေါင်းမှ သက်သာခွင့်များကို နုတ်ပယ်ပြီး ကျန်ငွေအပေါ်မှာ ကျသင့်အခွန်တွက်ချက်ပါတယ်။ အဆိုပါလစာဝင်ငွေစုစုပေါင်းမှ ထမ်းဆောင်ခဲ့တဲ့ အခွန်ကိုနုတ်ပယ်ပြီး ကျန်ငွေဟာ စုဆောင်းနိုင်ငွေဖြစ်ပါတယ်။ ဥပမာအားဖြင့် အိမ်ထောင်ဖက်ရှိပြီး ပညာသင်ကြားဆဲ သားသမီးနှစ်ယောက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်း ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူတစ်ဦးရဲ့ လစာဟာတစ်လကို ကျပ်ငါးသိန်းရရှိတဲ့အတွက် တစ်နှစ်စုစုပေါင်းဝင်ငွေဟာ ကျပ်သိန်း ၆၀ ဖြစ်ပါတယ်။ စုစုပေါင်းဝင်ငွေထဲက အခြေခံသက်သာခွင့်ရရှိမှာတွေကတော့ အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်းနဲ့ ၁၂ သိန်း၊ အိမ်ထောင်ဖက်အတွက်ကို သက်သာခွင့်အတွက် ၁၀ သိန်း၊ သားသမီးတစ်ဦး လျှင် ငါးသိန်းစီနဲ့ သားသမီးနှစ်ဦးအတွက်က သက်သာခွင့် ၁၀ သိန်း စုစုပေါင်းသက်သာခွင့် ၃၂ သိန်း ရရှိမယ်ဆိုရင် အခွန်စည်းကြပ်ရန်ဝင်ငွေဟာ ၂၈ သိန်းဖြစ်ပါတယ်။ ဒီ ၂၈ သိန်းအပေါ်မှာ ကျသင့်မယ့် အခွန်ကိုတွက်ချက်တဲ့အခါမှာ ၄၀၀၀၀ ကျပ်ရပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ညွှန်ကြားရေးမှူးချုပ် တစ်ယောက်ရဲ့ တစ်နှစ်စုစုပေါင်းဝင်ငွေ ကျပ်သိန်း ၆၀ မှ ကျသင့်အခွန် ၄၀၀၀၀ ကျပ်ကို နုတ်ပယ်ပြီး ကျန်တဲ့ငွေ ၅၉၆၀၀၀၀ ဟာ စုဆောင်းနိုင်ငွေဖြစ်ပါတယ်။

အလားတူ အသက်မွေးလမ်းကျောင်းပညာလုပ်ငန်းများမှာ မိမိကျွမ်းကျင်တဲ့ပညာနဲ့ အခကြေးငွေယူပြီးတော့ လုပ်ကိုင်တဲ့ဆရာဝန်၊ သူနာပြု၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ အနုပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင် စသည်တို့ရဲ့လုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှရရှိတဲ့ဝင်ငွေများမှ ဝင်ငွေရရှိရန် အသုံးပြုခဲ့တဲ့ ကုန်ကျစရိတ်များကို နုတ်ပယ်ပြီးတော့မှ သတ်မှတ်ဝင်ငွေတွက်ပါတယ်။ ဒီသတ်မှတ်ဝင်ငွေကနေထပ်ပြီးတော့ သက်သာခွင့်များကို နုတ်ပယ်ပြီး ကျန်တဲ့ငွေအပေါ်မှာ ကျသင့်တဲ့အခွန်ကို တွက်ချက်ပါတယ်။ အဆိုပါသတ်မှတ်ဝင်ငွေကနေပြီးတော့ ထမ်းဆောင်ခဲ့တဲ့အခွန်ကိုနုတ်ပယ်ပြီးတော့ ကျန်တဲ့ငွေဟာ စုဆောင်းနိုင်ငွေဖြစ်ပါတယ်။ အလားတူပဲ စီးပွားရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ပြီးတော့ ဝင်ငွေရရှိတဲ့သူများမှာ ဝင်ငွေရရှိရန် အသုံးပြုခဲ့တဲ့ကုန်ကျစရိတ်များကို ဦးစွာနုတ်ပယ်ပြီးတော့ သတ်မှတ်ဝင်ငွေတွက်ပါတယ်။ သတ်မှတ်ဝင်ငွေမှ သက်သာခွင့်များကို ထပ်မံနုတ်ပယ်ပြီးတော့ ကျန်တဲ့ဝင်ငွေအပေါ်မှာ ကျသင့်တဲ့အခွန်ကို တွက်ချက်ပါတယ်။ အဆိုပါသတ်မှတ်ဝင်ငွေမှ ထမ်းဆောင်ခဲ့တဲ့အခွန်ကိုနုတ်ပယ်ပြီးတဲ့အခါမှာ ကျန်ရှိတဲ့ငွေဟာ စုဆောင်းနိုင်ငွေဖြစ်ပါတယ်။ မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်း စသည်တို့မှရရှိတဲ့ ဝင်ငွေများကို ပစ္စည်းမှဝင်ငွေဆိုတဲ့ခေါင်းစဉ်နှင့် အခွန်ထမ်းဆောင်ရပါတယ်။ ဒီဝင်ငွေမှာလည်း လယ်သက်သာခွင့်တွေကို နုတ်ပယ်ပြီးတော့ ကျန်ငွေအပေါ်မှာ ကျသင့်အခွန်ကို

တွက်ချက်ပါတယ်။ အဆိုပါဝင်ငွေကနေ ထမ်းဆောင်ခဲ့တဲ့အခွန်ကိုနုတ်ပယ်ပြီးရင်တော့ ကျန်တဲ့ငွေဟာ စုဆောင်း နိုင်ငွေဖြစ်ပါတယ်။ မြေ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ယာဉ်၊ လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းများ၊ အစုရှယ်ယာနှင့် ကတိဝန်ခံချုပ် ရောင်းချခြင်းမှရရှိတဲ့ဝင်ငွေများကို အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်နဲ့ အခွန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ အဆိုပါအခြေပစ္စည်းသတ်မှတ်တန်ဖိုးမှ ထမ်းဆောင်ခဲ့တဲ့ အခွန်ကို နုတ်ပယ်ပြီးရင် ကျန်တဲ့ငွေဟာ စုဆောင်းနိုင်ငွေဖြစ်ပါတယ်။

မည်သူမဆို မိမိမည်ကဲ့သို့ ရရှိခဲ့သည်ကို ဝင်ငွေရလမ်းအတိအကျမတင်ပြနိုင်တဲ့ ဝင်ငွေများကို ကြီးကြပ်မှုက လွတ်ကင်းနေသော ဝင်ငွေခေါင်းစဉ်နှင့် အခွန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ အခွန်ထမ်း ဆောင်ပြီးဖြစ်တဲ့ ဝင်ငွေရရှိသူများ၊ ဝင်ငွေရှိသူများ၊ ဝင်ငွေရှိသော်လည်းပဲ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိ ထားသူများအနေနဲ့ အိမ်ခြံမြေဝယ်တာ၊ တည်ဆောက်တာ၊ မော်တော်ယာဉ်ဝယ်တာတွေ ဆောင်ရွက်တဲ့ အခါမှာ ၎င်းတို့အသုံးပြုတဲ့ငွေဟာ ၎င်းတို့ရဲ့ ဝင်ငွေ တစ်နည်းအားဖြင့် စုစောင်းနိုင်ငွေထဲက ဖြစ်လို့ရှိ ရင် အခွန်ထမ်းဆောင်ရန် မလိုအပ်ပါ။ ၎င်းတို့စုစောင်းနိုင်ငွေထက် ကျော်လွန်ပြီးတော့ အသုံးပြုတဲ့ သုံးစွဲတဲ့ငွေပမာဏအတွက်သာ အခွန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ဝင်ငွေအမျိုးအစားအလိုက် ကျသင့်အခွန်ကို ပေးဆောင်ရန် ထုတ်စစ်နဲ့ အခွန်တောင်းခံလွှာမှာ သတ်မှတ်တဲ့ဝင်ငွေ ကျသင့်အခွန် တို့ကို ဖော်ပြပြီးတော့ တောင်းခံပါတယ်။

အဆိုပါတောင်းခံလွှာအရ မိမိရဲ့သတ်မှတ်ဝင်ငွေ မည်မျှရှိသည်။ အခွန်မည်မျှ ထမ်းဆောင်ရ မည်ဆိုသည်တို့ကို မူတည်ပြီးတော့မှ မိမိရဲ့စုစောင်းနိုင်ငွေ မည်မျှရှိသည်ကို အခွန်ထမ်းပြည်သူများ တွက်ချက်နိုင်မှာ ဖြစ်ပါတယ်။ အခွန်ထမ်းဆောင်ထားသူ အခန်ထမ်းပြည်သူများအနေနဲ့ မိမိတို့ရဲ့ အခွန်ထမ်းဆောင်ထားမှုကို အလွယ်တကူ သိရှိနိုင်ရန်အတွက် အခွန်ထမ်းဆောင်မှုမှတ်တမ်းစာအုပ် များကိုလည်း ထုတ်ပေးလျက်ရှိပါတယ်။ လစာခေါင်းစဉ်နဲ့ အခွန်ထမ်းဆောင်ရသူများအတွက် လစာ ဝင်ငွေနဲ့ အခွန်ပေးဆောင်ထားမှုများကို ထည့်သွင်းပေးခြင်း၊ ကျန်ခေါင်းစဉ်များဖြင့် အခွန်ထမ်းဆောင် နေသူများအတွက် သတ်မှတ်ဝင်ငွေနဲ့ အခွန်ပေးဆောင်ထားမှုများကို ထည့်သွင်းပေးခြင်းများကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများက ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့အပြင် အခွန်ထမ်းပြည်သူများ စုစောင်းနိုင်ငွေ မည်မျှရှိသည်ကို လွယ်ကူစွာ တွက်ချက်နိုင် ရန်နှင့် စိုးရိမ်ကြောင့်ကြကင်းစွာဖြင့် အခွန်ထမ်းဆောင်လိုစိတ် ပိုမိုလာစေရန်တို့အတွက် ယခင်က ဆောင်ရွက်ခဲ့သည့် နေထိုင်စားသောက်မှုစရိတ်၊ နုတ်ပယ်ခြင်းကိုလည်း ပယ်ဖျက်ပြီးတော့ ဖြေလျှော့

ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေနဲ့ စည်းကြပ်နှစ်အလိုက် တောင်းခံတဲ့ အခွန်တောင်းခံလွှာမှာ ပါရှိတဲ့သတ်မှတ်ဝင်ငွေ၊ ကျသင့်အခွန်တို့ကို ကြည့်၍ စုစောင်းနိုင်ငွေကို အလွယ်တကူ တွက်ချက်နိုင်ကြမှာ ဖြစ်ပါကြောင်းနဲ့ ဝင်ငွေရလမ်းတင်ပြရာမှာ အထောက်အထားများနှင့် တင်ပြရမည်ဖြစ်၍ အခွန်တောင်းခံလွှာ၊ ငွေသွင်းချလန်ဖြတ်ပိုင်းများကို စနစ်တကျ ထိန်းသိမ်းထားကြရန်လိုအပ်ပါကြောင်း အခွန်ထမ်းဆောင်မှု မှတ်တမ်းစာအုပ်များကိုလည်း စနစ်တကျ သိမ်း ဆည်းထားရန် လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်က နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများအားလုံးသည် E-Government Website နှင့် Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက် များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်မှာ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးနေဖူးဗဆွေအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးနေဖူးဗဆွေ(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော် တင်မယ့်အဆိုက နိုင်ငံတော်အတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများအားလုံးသည် E-Government Website များနှင့် Mobile Application မှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပီပြင်ထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်

ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ယခုအခါသည် ပြည်သူတို့ရဲ့ဆန္ဒမှာ ပြောင်းလဲခဲ့ပြီဖြစ်တဲ့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီးသည် မိမိတို့ရဲ့ တာဝန်များကျေပွန်အောင် ဒီမိုကရေစီစနစ် မိဘအစစ်ဖြစ်ပြီး အချုပ်အခြာအာဏာအစစ်ဖြစ်သော ပြည်သူတို့အတွက် ဦးထိပ်ထားဆောင်ရွက်နေကြပြီ ဖြစ်သည်။ တစ်ဖက်မှာလည်း ပြည်ထောင်စုလွှတ်တော်ကြီးမှ မွေးဖွားခဲ့သော ပြည်သူတွေလိုလားတဲ့ ပြည်သူ့သမ္မတကြီးက အစိုးရအသစ်နှင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးနှင့် ပြည်သူလူထုအများစုရဲ့ လူနေမှုဘဝအဆင့်အတန်းများ တိုးတက်မြင့်မားအောင် အကောင်အထည်ဖော်ရန်ကတိပြုရင်း ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအသီးသီး ဖွဲ့စည်းပြီး ဒီမိုကရေစီအမြစ်ရှင်သန်ရေးအတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိပါတယ်။ နိုင်ငံတော်အတွက် ယခုအခါ ဘက်စုံပြုပြင်ပြောင်းလဲမှုများစွာ လိုအပ်လျက်ရှိပါတယ်။ အချုပ်အားဖြင့် ပြည်သူ့ဆန္ဒအရဖြစ်တည်လာရတဲ့ ဥပဒေပြုမဏ္ဍိုင်များနှင့် အစိုးရသစ်များ အောက်ပါကဏ္ဍကြီးသုံးခုကို အုပ်စုခွဲ၍ ဦးတည်ပြောင်းလဲမှာ ဖြစ်ပါတယ်။ ဆင်းရဲမှုလျှော့ချခြင်းနှင့် ပီသသောဂုဏ်သိက္ခာမြင့်လူ့ဘဝရရှိရေးကဏ္ဍ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကဏ္ဍနှင့် စဉ်ဆက်မပြတ်ဘက်စုံဖွံ့ဖြိုးရေး၊ တိုးတက်ရေးကဏ္ဍတို့ပဲ ဖြစ်ပါတယ်။ ယခု ကျွန်တော်ဆွေးနွေးသွားမှာက အလယ်ကရှိတဲ့ စဉ်ဆက်မပြတ်ဘက်စုံဖွံ့ဖြိုးရေးကဏ္ဍက E-Government ပေါ်ပေါက်ရေးနှင့် ICT စနစ်များ ဖွံ့ဖြိုးရေးအတွက်ဖြစ်ပါတယ်။ စီးပွားရေးမူဝါဒများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အခြေခံမူဝါဒ(၁၂)ချက်တွင် ထုတ်ပြန်ပြီးဖြစ်ပြီး ယင်း (၁၂)ချက်တွင် ငါးချက်မှာ E-Government နှင့်ဆက်စပ်ပတ်သက်နေပါတယ်။ လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်အောင်၊ Digital Card System, Digital Government Strategy နှင့် E-Government System၊ ပြည်သူ့ဝန်ဆောင်မှုများ အဆင့်မြှင့်တင်ရန်၊ တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာများတိုးတက်ရန်၊ အသိပညာပိုင်ဆိုင်မှုနှင့် စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန်တို့ ဖြစ်ပါတယ်။ မည်မျှတော်တဲ့ ခေါင်းဆောင်ကောင်းနှင့် မူဝါဒကောင်းများ ရှိစေကာမူ ယင်းတို့ကို လမ်းညွှန်မှုနှင့် လက်တွေ့အကောင်အထည်ဖော်မှု ဗျူရိုကရေစီယန္တရားများ၊ အဂတိတရားများကင်းစင်

သည့် စွမ်းဆောင်ရည်မြင့် ထိရောက်စွာအကောင်အထည်ဖော်နိုင်မှ အောင်မြင်မည်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဗျူရိုကရေစီယန္တရားပြုပြင်နိုင်ရေးအတွက် ဗျူရိုကရေစီ Reform တစ်နည်း၊ Institutional Reform ကိုတိုးတက်ဖွံ့ဖြိုးဖို့လိုအပ်တာနဲ့အညီ မလွဲမသေပြောင်းလဲကြရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့လုပ်ငန်းလိုအပ်ချက်များအလိုက် စေတနာမှန်၊ အတွေ့အကြုံရင့်ကျက်သောဝန်ထမ်းကောင်းများ၊ ထက်မြက်ထူးချွန်သော တတ်သိပညာရှင်များနှင့် သတင်းဆက်သွယ်ရေးနည်းပညာကို သင့်တော်သလို အချိုးနဲ့ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်ရန် လိုအပ်ပါတယ်။ ထို့ကြောင့် E-Government ဟာမရှိမဖြစ်လိုလာပြီဖြစ်ပါတယ်။ E-Government နှင့်ပတ်သက်၍ ကုန်လွန်တဲ့အတိတ်ကာလကိုဖြတ်သန်းဖို့လိုပါတယ်။ အဓိကနှစ်ချက်က တိကျမှန်ကန်တဲ့စံစနစ်တွေမရှိခဲ့ပါဘူး။ E-Government အဆင့်တိုးတက်ဖွံ့ဖြိုးနိုင်ဖို့အတွက်ကို ဗဟိုအထောက်အပံ့ကြားဝင်ဖို့အားနည်းခဲ့ပါတယ်။ ဒါကတော့ E-Government ဖွံ့ဖြိုးဖို့အတွက် အဓိကအကြောင်းများပါ။ အဲဒီတော့ နည်းပညာဆိုင်ရာအခြေခံအဆောက်အဦပြည့်စုံမှုမရှိခဲ့ဘူး။ စုပေါင်းပါဝင်ထိရောက်မှု၊ လုပ်ဆောင်မှုအားနည်းခဲ့တယ်။ ခေါင်းဆောင်မှုမပေးနိုင်ဘူး။ တိုးတက်တဲ့အမြော်အမြင်နည်းခဲ့တယ်။ ဘဏ္ဍာရေးဆိုင်ရာကန့်သတ်ချုပ်ခြယ်မှုရှိခဲ့တယ်။ လိုအပ်တဲ့အရည်အချင်းပြည့်ကျွမ်းကျင်ဝန်ထမ်း လူသားအရင်းအမြစ်နည်းခဲ့တယ်။ ဝန်ကြီးဌာနအလိုက် သက်သက်မှတ်မှတ်ဖွဲ့စည်းပုံ မရှိဘူး။ သတင်းနည်းပညာဆက်သွယ်ကျွမ်းကျင်မှုအားနည်းခဲ့တယ်။ ခေါင်းဆောင်တို့ရဲ့တာဝန်ယူမှုကင်းမဲ့ခဲ့တယ်။ တိကျသင့်တော်တဲ့ IT နည်းပညာမှာလိုအပ်နေတယ်။ အသုံးပြုသူတွေရဲ့လိုအပ်ချက်တွေနဲ့ အလှမ်းကွာဝေးပြီး ဟန်ချက်ညီညီချိတ်ဆက်ဖို့ လိုပါတယ်။ တာဝန်ခွဲဝေခန့်ထားမှုမမှန်ကန်ခြင်း၊ ပြုပြင်ပြောင်းလဲစရာစီမံကိန်း Change Management ထိရောက်စေရန်နှင့် လျှပ်စစ်ဓာတ်အားမလုံလောက်မှုစတဲ့အချက်များ ပါဝင်နေတာကိုတွေ့ရပါမယ်။ E-Government ဆိုတာကတော့ သမားရိုးကျလုပ်ဆောင်သင့်တဲ့ အစိုးရရဲ့ဝန်ဆောင်များကို ICT နည်းပညာအသုံးချ၍ ပြည်သူ့အခန်းကဏ္ဍအား ဝန်ဆောင်မှုပေးရာတွင် ပိုမိုကောင်းမွန်အောင်လုပ်ဆောင်သွားခြင်းပဲ ဖြစ်ပါတယ်။ E-Government မှာ ပါဝင်သင့်တဲ့ အဓိကအစိတ်အပိုင်းများပါ။ E-Government အဆင့်အောင်မြင်ရန် မဏ္ဍိုင်လေးရပ်လိုအပ်ပါတယ်။ E-Government တွင်ရှိသင့်သည့်အင်္ဂါငါးရပ်ပါ။ E-Government အဆင့်အောင်မြင်ရန် အရေးကြီးသော အချက်များမှာ မြောက်မြားစွာရှိပါတယ်။ ယင်းတို့ထဲမှ ထက်မြက်ခိုင်မာတဲ့အစိုးရရဲ့ခေါင်းဆောင်မှု ရရှိခြင်း၊ စားသုံးသူကို ဦးတည်လုပ်ကျွေးပြု ဖြန့်ဝေနိုင်ခြင်း၊ လိုအပ်သောနည်းပညာများပံ့ပိုးမှုရှိခြင်း၊ E-Government ဘတ်ဂျက်ကို စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံဖို့လိုအပ်ခြင်း၊ စနစ်ကျထိရောက်တဲ့

ဖွဲ့စည်းပုံနှင့် ကျွမ်းကျင်ဝန်ထမ်းများဖြည့်စည်းပေးနိုင်ခြင်း၊ ပညာရှင်ဝန်ထမ်းအဖွဲ့များ ဝန်ကြီးဌာနအလိုက်အစုအဖွဲ့ဖွဲ့စည်း၍ လစာ၊ အခွင့်အလမ်း၊ ပံ့ပိုးထောက်ပံ့ကအစ ရာထူးတိုးမြှင့်ဖို့ကို အထူးစဉ်းစားဆောင်ရွက်ပေးခြင်း၊ ၂၀၁၆ ခုနှစ် အစီရင်ခံစာ E-Government တိုးတက်မှုညွှန်းကိန်းဟာ ၀.၂၃၆၂ မှာဖြစ်ပြီး အာဆီယံမှာမြန်မာက နောက်ဆုံးကလိုက်နေပါတယ်။ အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းအမှီလိုက်ရန် မြန်မာနိုင်ငံက Digital Hub, Digital Society, Digital Country ဖြစ်လာရန် E-Government စနစ်ကိုမဖြစ်မနေ အကောင်အထည်ဖော်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ E-Government အားသာချက်ရဲ့အကျိုးကျေးဇူးမှာ နိုင်ငံသားများကိုယ်တိုင်ပူးပေါင်းပါဝင် E-Voting အဆင့်ကနေ E-Democracy စနစ်ကို ရောက်ရှိနိုင်ပါမယ်။ ပြည်သူလူထု၏ယုံကြည်မှု ပိုမိုရရှိ၍ ပိုမိုကောင်းတဲ့ဝန်ဆောင်မှုကို စီမံနိုင်မယ်။ ပထမမှာ ကုန်ကျစရိတ်မြင့်မည်ဖြစ်သော်လည်း နောက်ပိုင်းမှာ အချိန်နှင့်ငွေကြေးတွေ သက်သာလာမယ်။ လူကြောင့်ဖြစ်တဲ့အမှားတွေ၊ မသမာမှုတွေလျော့ချနေတယ်။ လာဘ်ပေးလာဘ်ယူမှု အထိုက်အလျောက်လျော့ချနိုင်တယ်။ စာရွက်စာတမ်းများ ကိုင်တွယ်ထိန်းသိမ်းမှု၊ ရှာဖွေပြဿနာလျော့ချနိုင်တဲ့အပြင် အချက်အလက်များထိန်းသိမ်းဖို့ မှန်ကန်မယ်။ စာရွက်တွေအသုံးပြုမှုနည်းသွားတဲ့အတွက် စက္ကူကြောင့်ဖြစ်တဲ့အမှိုက်နဲ့ သစ်တောတွေစက္ကူထုတ်ဖို့နည်းသွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့ထိရောက်တဲ့နေရာမှာ လူအင်အားအသုံးပြုမှု လျော့ချနိုင်ခြင်း၊ ဌာနဆိုင်ရာဝန်ဆောင်မှုမှာ လူသားအရင်းအမြစ်ကို မြှင့်တင်နိုင်မယ်။ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ရယူနိုင်တယ်။ ဌာနဆိုင်ရာသတင်းများရယူမှုကပိုလွယ်ကူလာမယ်။ ထင်သာမြင်သာတဲ့ တာဝန်ယူမှု ပိုမိုကောင်းမွန်လာမယ်။ သဘာဝသယံဇာတ စီမံခန့်ခွဲနိုင်မှု၊ သဘာဝဘေးဒဏ်ကို ကြိုတင်ကာကွယ်နိုင်အောင် အရှိန်မြှင့်ဆောင်ရွက်နိုင်မယ်။

ပညာရှင်များ အတွေ့အကြုံအရ ပြည်ထောင်စုတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် E-Government အကောင်အထည်ဖော်နိုင်လျှင်ပင် အဂတိလိုက်စားမှုက ၅၀ မှ ၆၀ နှုန်း လက်တွေ့ထိန်းသိမ်းနိုင်အောင် တင်ပြထားပါတယ်။ မြို့နယ်၊ ရပ်ကွက် လုပ်စရာမလိုပါ။ E-Government အပါအဝင် ICT စနစ်များ အမှန်တကယ်လက်ခံကျင့်သုံးမှသာ မြန်မာနိုင်ငံဟာ လက်ရှိမှ ရုန်းထွက်နိုင်မှာဖြစ်ပါတယ်။ အချိန်နှင့်ငွေကုန်ကြေးကျသက်သာမယ်။ အစိုးရဌာနများပုံရိပ်ကောင်းလာမယ်။ လေလွင့်ဆုံးရှုံးနေတဲ့ အမျိုးသမီးများ၊ ကျေးရွာများနှင့် ဝေးလံခေါင်နေ တိုင်းရင်းသားတို့ရဲ့ ဖုံးကွယ်လုပ်အားနှင့် အချိန်များ နိုင်ငံ့အကျိုးပြုလုပ်ငန်းမှာပါဝင်လာမယ်။ ICT စီးပွားရေးလုပ်ငန်းမှ သင်တန်းများ၊ လူငယ်များအတွက်အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာမယ်။ Online ကတစ်ဆင့် လုပ်ငန်းတွေ ပြီးစီး

ဆောင်ရွက်တဲ့ ရုံး၊ ဌာနသွားစရာမလိုတော့တဲ့အတွက် ယာဉ်ကြောပိတ်ဆို့မှုအထိုက်အလျောက် ကျဆင်းလာမယ်။ အစိုးရဦးဆောင်တဲ့ Online Payment Transaction ပြောင်းလဲမှုအသုံးပြု၍ Cash Less Society ကိုဖြစ်လာ၍ ငွေထုတ်များသယ်ဆောင်စရာမလိုတော့တဲ့အတွက် ဖြစ်ပေါ်လာတဲ့ မသမာမှုနှင့် ဘေးအန္တရာယ်တို့ကို ကာကွယ်နိုင်မယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ မှုခင်းနဲ့သတင်း အချက်အလက်ကိုလည်း တစ်ပြေးညီပံ့ပိုးနိုင်မှာဖြစ်ပါတယ်။ E-Government ဗျူဟာအကောင် အထည်မဖော်ရင် ဆက်လက် နိုင်ငံမှာ ကြုံတွေ့နေမယ့်အချက်များဖြစ်ပါတယ်။

နိဂုံးချုပ်အကြံပြုတိုက်တွန်းချက်များမှာ ထောင့်စုံစဉ်းစားတဲ့စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးဖို့ လိုပါတယ်။ နိုင်ငံတော်ရဲ့အထူးအစီအစဉ်ဖြင့် သတ်မှတ်ဆောင်ရွက်ပေးဖို့ လိုပါ တယ်။ အထောက်အကူပြုနိုင်တဲ့ဥပဒေ၊ နည်းဥပဒေများ ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးဖို့ လိုပါ တယ်။ IT စနစ်ကို ကြီးကြပ်ကွပ်ကဲမည့် ယန္တရားများ ပူးတွဲထူထောင်ရန်၊ သုံးစွဲသူဘက်က လိုအပ်ချက် ဝန်ဆောင်မှုကို စဉ်းစားပေးရန်၊ Chief Information Officer သို့မဟုတ် Chief Technical Officer အခန်းကဏ္ဍတာဝန်ပေးမှုကို သတ်မှတ်ပြီး လိုအပ်တဲ့ထောက်ကူမှုပြုရန် ဖြစ်ပါတယ်။ ယနေ့အချိန်မှာ e-Government ဖော်ဆောင်ဖို့အတွက် ဝန်ကြီးဌာနမှ CIO များ ခန့်ထားပြီဖြစ်ပြီး အထောက်အကူ ပြုသင်တန်းလည်း ပေးထားပြီဖြစ်ပါတယ်။ အများပြည်သူ Smart Phone သုံးစွဲမှုကလည်း မြင့်တက် လျက်ရှိပါတယ်။ ICT ပညာရေးကဏ္ဍမှ နိုင်ငံအတွက် ကွန်ပျူတာတက္ကသိုလ်တွေ၊ နည်းပညာ တက္ကသိုလ်တွေ၊ နိုင်ငံခြားမှလာတဲ့ တက္ကသိုလ်နှင့် ဒီပလိုမာသင်တန်းများ အထိုက်အလျောက်ဖွင့်တဲ့ ပညာရှင်များ မွေးထားပြီးဖြစ်ပါတယ်။ အခြားသော အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများလည်း ပညာရှင်များ အဖွဲ့များ ဖွဲ့ထားပြီးဖြစ်ပြီး ICT လုပ်ငန်းလုပ်တဲ့ကုမ္ပဏီ တစ်စတစ်စတိုးတက်လာပြီဖြစ်ပါ တယ်။ မြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ် ဇွန်လအထိ တယ်လီဖုန်းသိပ်သည်းဆက ၈၉.၃၈ ရာခိုင်နှုန်းရှိပါတယ်။ ကြိုးဖုန်း ၀.၅၂ သန်းနှင့် မိုဘိုင်းဖုန်းအသုံးပြုသူ ၄၃.၇ သန်းရှိပြီး စုစုပေါင်း ၃၉ သန်းဟာ အများစုက မိုဘုန်းဖုန်း 3G အင်တာနက်ကို သုံးနေတယ်။ ယခုက Telenor နှင့် Ooredoo က 4G စတင်မိတ်ဆက်မည်ဖြစ်ပါတယ်။ အစိုးရအနေနဲ့ Data Center တစ်ခုကို နေပြည်တော်နှင့် တပ်ကုန်းမှာ တည်ဆောက်ပြီးဖြစ်ပြီး Data Center တစ်ခုကို ရန်ကုန်တွင်တည်ဆောက်ပြီးလည်း ဖြစ်ပါတယ်။ ကိုရီးယားနိုင်ငံနှင့် ငွေကြေးအထောက်အပံ့ Government Integratied Data Center တစ်ခုတည်ဆောက်ဖို့ ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါတယ်။

**မူကြမ်း**

ဝန်ကြီးဌာနအသီးသီးတွေမှာ ဖိုက်ဘာကွန်ယက်များ ဆက်သွယ်ပြီးဖြစ်ပါတယ်။ Video Conference System နေပြည်တော်၊ ရန်ကုန်၊ မန္တလေးရုံးကို ဗဟိုပြုပြီး ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရများကို အသုံးပြုချိတ်ဆက်ထားပြီးဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှာ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဝန်ကြီးဌာနက Myanmar Set One Satellite Venture Lease Agreement ကို အကျိုးတူဌားရမ်းဖို့ လုပ်ထားပြီးဖြစ်ပါတယ်။ ဒီလို မိုဘိုင်းကွန်ယက်များအခြေခံ၍ အင်တာနက်အသုံးပြုနိုင်စွမ်းဟာ ခိုင်လုံတဲ့အထောက်အထားရရှိနေပါတယ်။ ထို့ကြောင့် အခြားနိုင်ငံများ e-Government System အကောင်အထည်ဖော်ရာတွင် အသုံးပြုခဲ့တဲ့ Desktop PC နှင့် Laptop သုံးစွဲမှုကျော်လွှား၍ Leap-frog အခွင့်အရေးတစ်ရပ်ကိုအသုံးပြု၍ မိုဘိုင်းကွန်ယက်များနှင့် မိုးဘိုင်းဖုန်းပညာများကို အသုံးပြုသွားသင့်ပါတယ်။ အစိုးရရုံးချိတ်ဆက်ရာတွင် မိုဘိုင်းကွန်ရက်အပြင် Fiber Network နှင့် Wireless Air Filter စနစ်ကိုလည်း အသုံးပြုသင့်ပါတယ်။ မိမိတို့၏ ချိတ်ဆက်မှုအသုံးပြုရန် အခက်အခဲရှိတဲ့သူများအတွက် e-Service Counter များကို အစိုးရရုံးခွဲများ၊ အများပြည်သူ စာကြည့်တိုက်များ၊ အများဆိုင်ရာနေရာတွင် ဖွင့်လှစ်ပြီးတော့ ဆောင်ရွက်ပေးသင့်ပါတယ်။ e-Government ဆောင်ရွက်ရာမှာ အင်တာနက်အပြင် အခြားနည်းလမ်းများလည်း အသုံးပြုသင့်ပါတယ်။ ကျေးရွာများမှာ e-Government ဆက်သွယ်ဖို့အခက်အခဲရှိသော Call Center များဖွဲ့ဖို့လိုပါတယ်။ Call Center ရဲ့ အားသာချက်က နည်းပညာနှင့် ဘာသာစကားအခက်အခဲကို ကျော်လွှားနိုင်ပြီး e-Government ကို အကောင်အထည်ဖော်နိုင်ပါတယ်။ ထို့ကြောင့် ဝန်ကြီးဌာနက Call Center ထူထောင်ဖို့ မဖြစ်မနေ အစီအမံများချမှတ်သင့်ပါတယ်။ e-Government အဆင့်အောင်မြင်ရန် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်၍ အမြော်အမြင်ရှိပြီး သင့်တင့်သောကော်မတီတစ်ခုကို ဖွဲ့စည်းသင့်ပါတယ်။ ယင်းကော်မတီအား ဝန်ကြီးဌာနရှိ အခြားလက်အောက်ခံနည်းပညာကို တိုက်ရိုက် e-Government စနစ်ပြဌာန်းသင့်ပါတယ်။ အဓိကကတော့ ခေါင်းဆောင်မှုပဲဖြစ်ပါတယ်။ ခေါင်းဆောင်မှုကောင်းကောင်းပေး နိုင်ရင် e-Government Council ကဲ့သို့ ဗဟိုအဆင့် မူဝါဒများချထား၍ လမ်းညွှန်ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းဖို့လိုပါတယ်။ မှန်ကန်ကောင်းမွန်တဲ့နည်းဗျူဟာများချမှတ်၍ လုပ်ငန်းများဆောင်ရွက်ပြီးသွားဖို့လိုပါတယ်။ ICT ဘုံသဘောအချက်အလက်များ လိုအပ်နေသဖြင့် တူညီတဲ့စံနှုန်း၊ နိုင်ငံတကာစံနှုန်းများ နှင့်ကိုက်ညီသော။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဌ**။ ။ တင်သွင်းတဲ့အဆိုနှင့် ပတ်သက်ပြီး ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဝင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ဥက္ကဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဝန်ကြီးများခင်ဗျား။ ပထမဦးစွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တောကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဦးနေဖူးဗဆွေ တင်ပြတဲ့အဆို E-Government စနစ် ပိုမိုထိရောက်အောင်မြင်အောင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးအဆိုကို အကြံပြုဆွေးနွေးထောက်ခံသွားပါမယ်။ ဥက္ကဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ အဲဒီတော့ e-Government အရှိန်အဟုန် ဘာ့ကြောင့်မြှင့်ရမလဲ ဆိုတော့ ကျွန်တော်တို့ ၂၀၀၂ ခုနှစ်ကစပြီးတော့ e-Government လုပ်ခဲ့တာ အခုဆို ၁၄ နှစ်ကျော်ပါပြီ။ အဲဒီမှာ အောင်မြင်မှုတွေ၊ ဆုံးရှုံးမှုတွေရှိပါတယ်။ ဒါပေမဲ့ ထိရောက်သလောက် အောင်မြင်မှုမရခဲ့ပါဘူး။ ကျွန်တော်ကိုယ်တိုင် ရန်ကုန်တိုင်းအစိုးရအဖွဲ့မှာ E-Yangon ဆိုပြီးတော့ အစည်းအဝေးတွေ ထိုင်ပြီးတော့ ကျွန်တော် အင်ဂျင်နီယာအသင်းဒုတိယဥက္ကဌအနေနဲ့ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း အောင်မြင်သလောက်အောင်မြင်ပြီးတော့ ဆုံးရှုံးမှုတွေရှိခဲ့ပါတယ်။ အောင်မြင်သလောက်အောင်မြင်တယ်ဆိုတာကတော့ ကျွန်တော်တို့ Online Service တွေရလာတယ်။ ဒါပေမဲ့ ဆုံးရှုံးမှုကတော့ မလိုအပ်ဘဲနဲ့ အချိန်တွေကုန်နေပါတယ်။ ဘာကြောင့် ကျွန်တော် e-Government နှောင့်နှေးရသလဲလို့ ပြောရလို့ ရှိရင် ၂၀၀၃ ခုနှစ်မှာ ကျွန်တော်တို့နိုင်ငံက ကမ္ဘာပေါ်မှာ ၁၇၃ နိုင်ငံမှာ ၁၂၆ အဆင့်ရှိခဲ့ပြီးတော့ အခု ၂၀၁၆ ခုနှစ်လည်းရောက်ရော ၁၆၉ ထိကျသွားပါတယ်။ ဒါကြောင့်မို့လို့ ဦးနေဖူးဗဆွေတင်သွင်းတဲ့ Government ကိုအရှိန်အဟုန်မြှင့်ရမယ်ဆိုတာ ဒီလို ကျဆင်းသွားတာ ဘယ်လိုလုပ်မလဲ။ အဲဒါကို ကျွန်တော် အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။

အဲဒီတော့ ခေါင်းဆောင်မှုက အရေးကြီးပါတယ်။ Leadership ကအရေးကြီးပါတယ်။ ဒါကြောင့် မှန်ကန်တဲ့မူဝါဒတွေချမှတ်ဖို့က အလွန်အရေးကြီးပါတယ်။ ဘယ်လိုမှန်ကန်တဲ့ မူဝါဒတွေ ချမှတ်ပါမလဲ။ အဲဒီတော့ ကဏ္ဍကြီးကိုးခုနဲ့ဆောင်ရွက်ပါမယ်။ မူဝါဒနှင့် လမ်းစဉ်များ၊ ဘတ်ဂျက်ဆိုင်ရာကိစ္စများ၊ Information Security ကိစ္စများ၊ Human Resources ကိစ္စများ၊ ဥပဒေများ၊ Standardization စတဲ့မူဝါဒကိုးခုနဲ့ဆောင်ရွက်ရပါမယ်။ အဲဒီလိုဆောင်ရွက်ရန်အတွက် ကျွန်တော်တို့ ဘာတွေလုပ်ကြမလဲ။ အဲဒီကဏ္ဍ ကိုးခုနဲ့ဘယ်လိုလုပ်ကြမလဲ။ အဲတော့ ဒီကဏ္ဍကြီးကိုးခုနဲ့

ဆောင်ရွက်ဖို့က ပထမဦးဆုံးကျွန်တော်တို့ Digital Information နဲ့ Innovation Fund လိုအပ်ပါတယ်။ ဒါကလည်း ဒီ Fund မရှိဘဲနဲ့ ကဏ္ဍကိုးခုကို အောင်မြင်အောင် မဆောင်ရွက်နိုင်ပါဘူး။ အဲဒီတော့ ဒီကဏ္ဍကိုးခု Fund ရလာပြီဆိုရင် ကျွန်တော်တို့ Slide မှာပြထားတဲ့ အတိုင်း ရုံးတွေမှာ Paper တွေ၊ တစ်ထုပ်တစ်ပိုးနဲ့ကိစ္စတွေ ကျွန်တော် တို့လွှတ်တော်မှာလည်း စာအုပ်တွေတစ်အုပ်တစ်ပိုးကြီးဖြစ်တဲ့ကိစ္စတွေ ဒါတွေဟာ ကျွန်တော်တို့ Software လေးတွေနဲ့ တစ်ချိန်မှာသွားနိုင်ပြီးတော့ အခုတော့ ကျွန်တော်တို့ ကွန်ပျူတာတွေသုံးလာပါပြီ။ Laptop တွေသုံးလာပါပြီ။ နောက်ဆုံးကတော့ သန်း ၄၀ ကျော်သုံးလာတဲ့ Smart Phone တွေပါ။ Smart Phone တွေနဲ့ ကျွန်တော် E-Government ကို အရင်သွားရပါ့မယ်။ E-Government ပြီးမှ E-Democracy ကိုသွားပါမယ်။ အခုဝန်ကြီးဌာနတွေဟာ ကျွန်တော်တို့ဝန်ကြီးဌာနကတော့ E-Government ပြီးပါပြီ။ ကျွန်မတို့ ဝန်ကြီးဌာနကတော့ E-Government ပြီးပါပြီဆိုတာတွေက တကယ်တမ်းကျတော့ မပြီးသေးပါဘူး။ သူတို့ပြီးတာ E-Government မဟုတ်ပါဘူး။ E-Ministry၊ E-Department ပါ။ အဲဒီတော့ E-Government ဆိုတာက ကျယ်ဝန်းပါတယ်။ Model သုံးခုရှိပါ တယ်။ Government to Government Model, Government to Business Model, Government to Citizen Model ဒီ Model သုံးခုကို လွှမ်းခြုံနိုင်မှ E-Government ဖြစ်မှာပါ။ ဒါကြောင့်မို့လို့ ဒီနေ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ချင်တာက ဝန်ကြီးဌာနတွေပြီးတယ်။ ဘာပြီးလဲ။ သူတို့ Ministry ပဲ ပြီးတယ်။ တချို့ G to G လေးတွေနည်းနည်းပါးပါးရမယ်။ E-Government ဆိုတာကတော့ Model သုံးခုစလုံး G to G, G to B, G to C တွေဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေလုပ်ဆောင်ဖို့အတွက် ကျွန်တော်တို့ ဘာလုပ်ရမလဲဆိုတော့ လုပ်ငန်းစဉ်များကို ပြန်လည်ဆန်းသစ်ပြောင်းလဲခြင်းကို လုပ်ရပါ့မယ်။ ဆန်းသစ်ပြောင်းလဲလုပ်တဲ့အခါမှာ BPR, GPR ဟာအရေးကြီးပါတယ်။ Government Process Re-Engineering နဲ့ Business Process Reengineering သွားရမယ်။ ဒါတွေကတော့ ကျွမ်းကျင်သူ ICT ပညာရှင်တွေ Human Resources တွေက ဆောင်ရွက်မှရပါမယ်။ အဲတော့ ဒီလောက်အရေးကြီးတဲ့ သိမ်မွေ့နက်နဲတဲ့ဟာ Top Level Management ကအလွန်အရေးကြီးပါတယ်။ Top Level Management ကို ဦးဆောင်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဗဟိုအဆင့်အနေနဲ့ မူဝါဒချမှတ်ဖွဲ့စည်းရပါမယ်။ အဲဒီဗဟိုအဆင့်ကိုတော့ ကျွန်တော်တို့ နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်မှုဖြစ်ပါတယ်။ သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဘာလို့ဦးဆောင်ခိုင်းလဲဆိုတော့ ယနေ့ အာဆီယံ ၁၀

နိုင်ငံထဲမှာ စင်္ကာပူမှာ E-Government ကို သမ္မတကိုယ်တိုင်ဦးဆောင်ပါတယ်။ မလေးရှားမှာ သမ္မတကိုယ်တိုင် ဦးဆောင်ပါတယ်။ ကိုရီးယားမှာလည်း သမ္မတကိုယ်တိုင်ဦးဆောင်ပြီးတော့ Steering Committee နဲ့ဆောင်ရွက်နေပါတယ်။ အဲဒီတော့ Steering Committee အောက်မှာ ကျွန်တော်တို့ Working Committee, Sub Committee တွေရှိပါမယ်။ အဲဒီကော်မတီတွေကတော့ တကယ့်ကျွန်တော်တို့ အပြင်က လုပ်ငန်းရှင်တွေပါ ရန်ကုန်အင်ဂျင်နီယာအသင်း၊ မန္တလေး အင်ဂျင်နီယာ အသင်းလုပ်ငန်းရှင်တွေပူးပေါင်းပြီးတော့ ကော်မတီတွေနဲ့ ဆောင်ရွက်မှသာလျှင် ဖြစ်ပါမယ်။ နောက်ဆုံးကျွန်တော်ပြောချင်တာကတော့ တိုတိုပြောရရင်တော့ ဘယ်လိုအရှိန်အဟုန်ကို မြှင့်မလဲ။ အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ဘာလိုသလဲ။ Action Plan တွေလိုပါတယ်။ အဲဒီ Action Plan ကတော့ ကျွန်တော်တို့ World Bank နဲ့ ADB ကနေပြီးတော့ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်တွေက မြန်မာပြည်အတွက် Action Plan ကို ရေးဆွဲပြီးသားပါ။ အဲဒါတွေ Refer လုပ်ပြီးတော့ မြန်မာပြည်အတွက် E-Government Strategic Action Plan ကို ရေးဆွဲ ဆောင်ရွက်ပါမယ်။ အဲဒါကတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ Strategic Action Plan ကိုဆောင်ရွက်ပါ မယ်။ အဲဒီမှာ အားနည်းချက်၊ အားသာချက်တွေ ကျွန်တော်တို့ ယူပါမယ်။ World Bank နဲ့ ADB ဟာ ရော Action Plan ဆွဲပြီးသားတွေကို Refer လုပ်ပြီးတော့ ကျွန်တော်တို့တိုင်းပြည်အတွက် သင့်တော် တဲ့ Action Plan ရေးပြီးဆောင်ရွက်လို့ရှိရင် ပြည်ထောင်စုအစိုးရအနေနဲ့ အရှိန်အဟုန်မြှင့်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အချိန်ကိုငဲ့ညှာသောအားဖြင့် ဦးနေဖူးဗဆွေ E-Government အကောင်အထည်ဖော်ဖို့အတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျွန်တော်အကြံပြုဆွေးနွေးတာတွေကို ဆောင်ရွက်နိုင်ရေးနှင့် ကျွန်တော့်ရဲ့တင်ပြမှုကို ထောက်ခံရင်းမို့ နိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ပြန်မေးပါ့မယ်။ ဦးတင်မောင်ဝင်းအနေနဲ့ ဦးနေဖူးဗဆွေရဲ့အဆိုကို ကျွန်တော်ခေါ်တာ ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးပါ။ အကြံပြုဆွေးနွေးတယ်ဆိုတော့ မထောက်ခံဘူးလား။ ထောက်ခံမလား။ ပွင့်ပွင့်လင်းလင်းပဲပြောပါ။

**ဦးတင်မောင်ဝင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ ကျွန်တော် ထောက်ခံအကြံပြု ဆွေးနွေး ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးနေဖူးဗဆွေတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးနေဖူးဗဆွေ ပန်းဘဲတန်းမဲဆန္ဒနယ်က တင်သွင်းသောနိုင်ငံအတွင်းရှိ ပြည်သူများ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများအားလုံးသည် E-Government Website များနှင့် Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၈-၉-၂၀၁၆ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၁၁း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]